မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၅ ခုနှစ်၊ မတ် ၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၅၅)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌ **H.E. Mr. W.J.M. Lokubandara** အား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာနိုင်ငံ ပါလီမန်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ H.E. Mr. W.J. M. Lokubandaraနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.D.M.M.Ranaraja လည်းတက်ရောက်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌ **H.E. Mr. W.J.M. Lokubandara** နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာမှာ မြန်မာနိုင်ငံအပေါ်ဖိအားပေးရန်နှင့် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ခုဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ လုံးဝလက်မခံဘဲပယ်ချ

ရန်ကုန် မတ် ၃

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကြေညာခဲ့ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ထုတ်ပြန်ကြေညာသည်။

အဆိုပါသတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မတ်လ ၄ ရက်)

နယ်မြေဒေသအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းပါဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် တိုင်းရင်းသားပြည်သူအားလုံး တညီတညွတ်တည်း စုစည်းရပ်တည် ကြိုးပမ်းအားထုတ်လုပ်ကိုင်ဆောင်ရွက်ခဲ့သဖြင့် နယ်မြေဒေသများ တည်ငြိမ်အေးချမ်းသာယာပြီး တိုင်းရင်းသားအချင်းချင်း အပြန်အလှန် နားလည်စာနာမှု၊ ယုံကြည်မှုတို့အားကောင်းလာကာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ခဲ့သည်။

ယင်းကဲ့သို့ နယ်မြေတည်ငြိမ်အေးချမ်းမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို အခြေခံ၍ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းအားလုံးတို့သည်လည်း ဘက်ပေါင်းစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပေသည်။

ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းအစီအစဉ်များကိုလည်း ယခုကဲ့သို့ပင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ညီညီညွတ်ညွတ်လက်တွဲပူးပေါင်း၍ တက်တက်ကြွကြွ အကောင်အထည် ဖော်သွားကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီလ ၂၆ရက်နေ့က မန္တလေးတိုင်း မန္တလေးမြို့ မြို့တော်ခန်းမသို့ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်တို့မှ တာဝန်ရှိသူများအားတွေ့ဆုံ၍ အမှာစကား ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အမှာစကားပြောကြားရာ၌–

“နိုင်ငံတော်တစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် ရင်ပေါင်တန်းလိုက်နိုင်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် ပြည်ထောင်စုကြီး၏ နယ်မြေ ဒေသအားလုံး ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း အရှိန်အဟုန်ရှိရှိ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း”

ပြောကြားသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်၏ ပြည်နယ်နှင့်တိုင်းအားလုံး အကြားအလပ်မရှိ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအဆောက်အအုံများကို ဖန်တီးဖော်ဆောင် ပေးလျက်ရှိသည်။

ယင်းကဲ့သို့ ဖြည့်ဆည်းဖော်ဆောင်ရာ၌ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုပြင်ပြောင်းလဲတည်ဆောက်နေရသဖြင့် လုပ်ကိုင်ဆောင်ရွက်ဖွယ်ရာများ များပြားလှပေရာ တာဝန်ရှိသူများ အားလုံးက စေတနာရှိရှိ၊ ဝီရိယရှိရှိဖြင့် တီထွင်ကြံဆ အလုပ်လုပ်ကြရန် လိုအပ်သည်။

မန္တလေးတိုင်းအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အဓိကအားထားရသော တိုင်းတစ်တိုင်းဖြစ်သည်နှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်း မြှင့်တင်သွားကြရမည်ဖြစ်သည်။ နိုင်ငံတော်က ဆန်စပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မိတ္ထီလာလွင်ပြင် ရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အလေးထား ဆောင်ရွက်ပေးနေသကဲ့သို့ မြင်းခြံခရိုင် ရေရရှိရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ စပါးသီးနှံကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် တိုင်းတစ်တိုင်းလုံး ဒေသဆန်ဖူလုံလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မန္တလေးမြို့တော်သည် နိုင်ငံတော်၏ ဒုတိယမြို့တော်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့တော်နှင့် ကွာဟမှု နည်းနိုင်သမျှနည်းအောင် အစဉ်သဖြင့်ကြိုးပမ်းလုပ်ဆောင်ကြရန် ဖြစ်သည်။ မန္တလေးမြို့အပါအဝင် တိုင်းတစ်တိုင်းလုံး တိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်မြင့်မားစေရန် ဒေသတာဝန်ခံများနှင့် ဝန်ထမ်းများက မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် စေတနာထားလုပ်ကိုင်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရန်နှင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း အရှိန်အဟုန်ရှိရှိဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တိုင်းရင်းသား ပြည်သူအားလုံးက ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာနမှ အထူးအရာရှိ ဒုတိယ ဗိုလ်မှူးကြီး မျိုးကျော်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(သတင်းစဉ်)

ထိုင်းနိုင်ငံတောင်ပိုင်းနှင့်မလေးရှားနိုင်ငံမြောက်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်း မတ်လ ၁ ရက်၌ လုပ်ငန်းများ ပြန်လည်စတင်ဆောင်ရွက်

ဗန်ကောက် မတ် ၂

ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မလေးရှားနိုင်ငံမြောက်ပိုင်းအကြား သွယ်တန်းထားသည့် ဓာတ်ငွေ့ ပိုက်လိုင်းသည် ငါးနှစ်ကြာ ကြန့်ကြာခဲ့ရပြီးနောက် မတ်လ ၁ ရက်၌ ဓာတ်ငွေ့အရောင်းအဝယ် လုပ်ငန်းများကို ပြန်လည်စတင်ခဲ့ကြောင်း စီမံကိန်းအရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ ဓာတ်ငွေ့ပိုက်လိုင်းသည် ၃၆၆ ကီလိုမီတာ (၂၂၇ မိုင်)အရှည်ရှိပြီး ထိုင်းပင်လယ်ကွေ့မှနေ၍ ထိုင်းနိုင်ငံ ချာနာမြို့သို့ ဆက်သွယ်ကာ ထိုမှတစ်ဆင့် မလေးရှားနိုင်ငံ ကီဒါပြည်နယ်သို့ ဆက်သွယ်ထားသည်။

ပို့လွှတ်

ဓာတ်ငွေ့ စတင်ပို့လွှတ်သည့် ဇန်နဝါရီလပိုင်းအတွင်း တစ်နေ့လျှင် ဓာတ်ငွေ့ကုဗပေ သန်း၁၅၀ ပို့လွှတ်ခဲ့ကြောင်း ၎င်းအရာရှိက ရိုက်တာသို့ ပြောကြားသည်။

ပိုက်လိုင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၀၃ခုနှစ် ဇွန်လ၌စတင်ခဲ့ပြီး တည်ဆောက်မှုလုပ်ငန်းပြီးစီးရန် ၁၈လကြာခဲ့သည်။ ယင်းစီမံကိန်းကို ထိုင်းအစိုးရပိုင် ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီပီတီတီနှင့် မလေးရှားနိုင်ငံ ပီထရိုနပ်စ် ကုမ္ပဏီတို့က တစ်ဝက်စီ ဖက်စပ်ပိုင်ဆိုင်ကြသည်။

မျှော်လင့်

နေ့စဉ် တစ်နေ့လျှင် ဓာတ်ငွေ့ကုဗပေ ၄၂၅သန်း ထုတ်လုပ်နိုင်စွမ်းရှိသော ဓာတ်ငွေ့ခွဲခြားရေးစက်ရုံသည် ယခုနှစ်ကုန်၌ ပြီးစီးမည်ဟု မျှော်လင့်ရကြောင်း ၎င်းအရာရှိက ပြောကြားသည်။

(အင်တာနက်)

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၅ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (ဒုတိယနှစ်–မြန်မာစာ) အဘိဓာန်နှင့် မြန်မာတိုင်းရင်းသား စကားပုံများ
၅း၂၅ ၉။ Goal Show အစီအစဉ်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း (အပိုင်း–၂၈)
၆း၅၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အင်တာနက်ချစ်သက်လျာ”** (အပိုင်း–၁၈)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး ဘုန်းမီးနေလ”** (အပိုင်း–၂၃)

နိုင်ငံတကာ သတင်းများ

အမြှာဦးခေါင်းဖယ်ရှား ကုသခဲ့သည့် အီဂျစ်ကလေးငယ် သဘာဝအတိုင်း အသက်ရှုနိုင်ရန် လေ့ကျင့်ပေးလျက်ရှိ

ကိုင်ရို မတ် ၂

အမြှာဦးခေါင်းတစ်လုံးကို ခွဲစိတ်ဖယ်ရှားကုသပေးခြင်းခံခဲ့ရသော အီဂျစ်ကလေးငယ် လွတ်လပ်စွာ အသက်ရှုနိုင်ရန် ဖြည်းဖြည်းချင်း လေ့ကျင့်ပေးလျက်ရှိကြောင်း သူမအား ခွဲစိတ်ကုသပေးခဲ့သည့် ဆရာဝန်တစ်ဦးက ပြောကြားသည်ဟု မစ်ဒဲလ်အိစ်သတင်းဌာနက တနင်္လာနေ့၌ သတင်းဖော်ပြလိုက်သည်။

သဘာဝအတိုင်း အသက်ရှုနိုင်ရန်အတွက် ကလေးငယ်အား လေဝင်ပေါက်တစ်ခု၌ မကြာမကြာထားပေးခြင်းဖြင့် ကလေးငယ်အား လေ့ကျင့်ပေးကြောင်း ဆရာဝန်ဝါလိဒ်ရာရှီရာက ပြောကြားသည်ဟု အဆိုပါသတင်းဌာနက ရေးသားသည်။

၁၀ လသားအရွယ် မာနာမေ့ချ်သည် ဖြစ်တောင့်ဖြစ်ခဲ ဦးခေါင်းအမြှာဖြင့် မွေးဖွားလာခဲ့သည်။ အဆိုပါ အမြှာဦးခေါင်းတစ်လုံးအား ဖယ်ရှားရန် ကိုင်ရိုမြို့မြောက်ဘက် ဘင်ဟာမြို့တွင် ၁၃နာရီကြာမျှ ခွဲစိတ်ပေးခဲ့ရသည်။

ဆရာဝန်များက မာနာ၏ ခန္ဓာကိုယ်အား ဖြန့်ကြက်စူးစမ်းကြည့်ရာ ဦးနှောက်၌ သွေးလွန်ခြင်းမရှိဘဲ မာနာ၏အခြေအနေမှာ စိတ်ချရသည့် အနေအထားရှိကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ နောက်ထပ်ဖြန့်ကြက်စူးစမ်းမှုကို သောကြာနေ့၌ လုပ်ဆောင်ရန် စီစဉ်ထားကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ချမ်းသာသည့်နိုင်ငံများတွင် ဆင်းရဲနွမ်းပါးသော ကလေးငယ်များ ပိုမိုများပြားလာ ယူနီဆက်က ပြုလုပ်သောလေ့လာချက်၌ ဖော်ပြ

ဂျီနီဗာ မတ် ၂

ဆင်းရဲသော မိသားစုများ၏ ဝင်ငွေကို တိုးမြှင့်စေရန် အစိုးရများက ရည်မှန်းချက်ထား ကိုင်တွယ်ဆောင်ရွက်နေသော်လည်း ကမ္ဘာ့ချမ်းသာသော နိုင်ငံများတွင်ရှိသည့် ကလေးငယ်များအနေဖြင့် ဆင်းရဲနွမ်းပါးမှုမှာ ပိုမိုတိုးတက် မြင့်မားလာလျက်ရှိကြောင်း အင်္ဂါနေ့က ထုတ်ပြန်သော ကုလသမဂ္ဂ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန်နိုင်ငံတို့ကဲ့သို့သော နိုင်ငံများ၌ပင် ကလေးငယ်များ ဆင်းရဲနွမ်းပါးမှုမှာ မြင့်မားလျက်ရှိကြောင်း ကုလသမဂ္ဂ နိုင်ငံတကာ ကလေးများ အရေးပေါ် ရန်ပုံငွေအဖွဲ့က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုတွင် ရှိသော အသက် (၁၈) နှစ်အောက် လူငယ်များ၏ ၂၂ရာခိုင်နှုန်းခန့်နှင့် မက္ကဆီကိုနိုင်ငံတွင်ရှိသော အသက် (၁၈)နှစ်အောက် လူငယ်များ၏ ၁၈ ရာခိုင်နှုန်းခန့်တို့မှာ ဆင်းရဲနွမ်းပါးစွာ နေထိုင်ကြရသည်။ သို့ရာတွင် ဒိန်းမတ်နိုင်ငံ၌ ၂ ဒသမ ၄ ရာခိုင်နှုန်း၊ ဖင်လန်နိုင်ငံတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် နော်ဝေနိုင်ငံတွင် ၃ ဒသမ ၄ ရာခိုင်နှုန်းခန့်သာ အသက်(၁၈)နှစ်အောက် လူငယ်များအဖို့ ဆင်းရဲ နွမ်းပါးစွာ နေထိုင်ရကြောင်း ယူနီဆက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

4-3 (02).p65 1 3/25/05, 12:41 AM

မတ် ၃ ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ H.E. Mr. W.J.M. Lokubandara နှင့်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်း-ရှေ့ဖုံး)(သတင်းစဉ်)

ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်နိုင်သူတိုင်း မြန်မာနိုင်ငံ၌ အပြုသဘောဆောင်သည့် ပြောင်းလဲမှုများတွေ့မြင်နိုင် ညီလာခံကိုယ်စားလှယ်များ တက်ညီလက်ညီတက်ရောက်နေခြင်းသည် ပြည်သူလိုလားချက် ဖြည့်ဆည်းပေးနေကြောင်း ထင်ရှား မြန်မာနိုင်ငံသားများအကျိုးစီးပွားကို မြန်မာအစိုးရနှင့် ပြည်သူများထက် မည်သည့်ပြည်ပနိုင်ငံကမှ ပိုရှု၍မသယ်ပိုးနိုင်

■ ရှေ့ဖုံးမှ

သတင်းထုတ်ပြန်ချက်

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသည် လူ့အခွင့်အရေးနှင့်ပတ်သက်၍ စီရင်ပိုင်ခွင့်ရှိသည်ဟု ထပ်မံလွဲမှားစွာခံယူလျက် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးချိုးဖောက်မှုများရှိကြောင်း အစီရင်ခံစာတစ်စောင် ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းကဲ့သို့ပြုလုပ်ခြင်းသည် မှားယွင်းမှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အစီရင်ခံစာသည် စွပ်စွဲချက်များကို စုပေါင်းစာရင်းပြုစုတင်ပြထားခြင်းမျှသာ ဖြစ်ပါသည်။ ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ပကတိအခြေအနေကို လုံးဝထင်ဟပ်ခြင်း မရှိပါ။

တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့

မြန်မာနိုင်ငံအစိုးရသည် နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်အေးချမ်းသာယာရေးကို အောင်မြင်စွာ ပြန်လည်တည်ဆောက်နိုင်ရုံသာမက အမျိုးသားစည်းလုံးညီညွတ်ရေးကိုပါ ထူထောင်နိုင်ခဲ့ပါသည်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများ ပုံမှန်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စီးပွားရေးကောင်းမွန်လာပြီး ပြည်သူများ၏ လူနေမှုအဆင့်အတန်း တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ပြည်သူလိုလားချက်ဖြည့်ဆည်းပေးနေ

ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်သုံးသပ်နိုင်သူတိုင်းသည် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်များတွင် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများရှိသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိခြင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ပြန်လည်စတင်ခဲ့သည့် အမျိုးသားညီလာခံသို့လည်း တိုင်းရင်းသားလူမျိုးများ၊ နိုင်ငံရေးပါတီများ၊ လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် လူထုလူတန်းစား အလွှာအသီးသီးနှင့် နိုင်ငံအတွင်း ဒေသအားလုံးမှ ကိုယ်စားလှယ်များ တက်ညီလက်ညီတက်ရောက်နေခြင်းစသည့် ဒိဋ္ဌဖြစ်ရပ်များသည် ပြည်သူများ၏လိုလားတောင့်တချက်များကို စနစ်တကျ ဖြည့်ဆည်းပေးနေကြောင်း ပေါ်လွင်ထင်ရှားစေပါသည်။

သိသာထင်ရှားစွာတိုးတက်

စီးပွားရေးကဏ္ဍတွင် အချို့နိုင်ငံများက မြန်မာနိုင်ငံအပေါ် စီးပွားရေးကန့်သတ်ချက်များ ချမှတ်ခဲ့သည့်ကြားမှပင် လွန်ခဲ့သည့်သုံးနှစ်အတွင်း နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်း ပျမ်းမျှ ၈ ဒသမ ၅ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ လူမှုရေးနယ်ပယ်၌လည်း အထူးသဖြင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများ၌ အဘက်ဘက်မှ သိသာထင်ရှားစွာတိုးတက်မှုများကို တွေ့မြင်နိုင်ပါသည်။

နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်

မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူပြည်သားများထက် မည်သည့်ပြည်ပနိုင်ငံကမှ ပို၍သယ်ပိုးဆောင်ရွက်နိုင်မည်ဟု မဆိုနိုင်ပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အစီရင်ခံစာမှာ မြန်မာနိုင်ငံအပေါ် ဖိအားဆက်လက်ပေးသွားရန်နှင့် နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးအရ ကြိုးပမ်းထိုးနှက်ချက်တစ်ခုသာဖြစ်သည်ဟု ရှုမြင်သုံးသပ်ရပါသည်။

သို့ပါ၍ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ် အစီရင်ခံစာကို လုံးဝလက်မခံဘဲ ပယ်ချပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
ရန်ကုန်မြို့
ရက်စွဲ၊ ၂၀၀၅ ခုနှစ် မတ်လ ၃ ရက်

4-3 (03).p65 1 3/25/05, 12:41 AM

စီးပွားရေးကဏ္ဍ၌ ရှေ့တန်းကပါဝင်နေကြသည့် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ ပေါ်ထွန်းနေပြီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် တစ်စိတ်တည်းတစ်ဝမ်းတည်း ညီညွတ်စွာဆောင်ရွက်

✡ *ကျောဖုံးမှ*

အတတ်ပညာရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များမှ ခေါင်းဆောင်များ၊ ဒုတိယခေါင်းဆောင်များနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များ တက်ရောက်ကြသည်။

ဂုဏ်ယူဖွယ်ရာ

နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ နှစ်ပေါင်းထောင်ချီပြီး ရှည်လျားခိုင်မာသည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေး မျှမျှတတရရှိခံစားခဲ့ကြရသည်သာမက မိမိ မိသားစု၊ မိမိလူ့အဖွဲ့အစည်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် အမျိုးသားများနှင့်အတူ ရင်ပေါင်တန်းပြီး ပါဝင်စွမ်းဆောင်ခွင့်ရရှိခဲ့ကြခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသမီးဖြစ်ရခြင်းကြောင့် သိမ်ငယ်စိတ်ဖြစ်မနေဘဲ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာ အရည်အသွေးရှိရှိ နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာသည့် အခါတိုင်းတွင် အမျိုးသားများနှင့်မခြား ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည်ကို သမိုင်းတွင် အထင်အရှားတွေ့ကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ ကြင်နာစွာကူညီဖေးမရိုင်းပင်းစောင့်ရှောက်မှုတို့ ထူးထူးခြားခြားဖြစ်ထွန်းနေသည့်နိုင်ငံဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့် စွမ်းဆောင်ရည်များကို စနစ်တကျဖွံ့ဖြိုးတိုးတက်အောင်၊ မြန်မာအမျိုးသမီးကဏ္ဍအနေဖြင့် ကျစ်လျစ်ခိုင်မာစွာဖြစ်ပေါ်ရပ်တည်နိုင်အောင် အားပေးပျိုးထောင်နေခြင်းဖြစ်ကြောင်း။

ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေ

ဤကဲ့သို့ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် ရှိပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိခံစားနိုင်စေရေး၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်ကာလနှင့်အညီ မြန်မာအမျိုးသမီးအခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး၊ အခွင့်အလမ်းကောင်းများ တိုးပွားဖြစ်ထွန်းစေရေးတို့အပြင် မြန်မာအမျိုးသမီး ထုကြီးတစ်ရပ်လုံးကိုစုစည်းခိုင်မာသည့် တိုင်းကျိုးပြည်ဆောင်အင်အားစုအဖြစ် ပီပီပြင်ပြင်ဖြစ်လာစေရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးများအနေဖြင့် အခြားသောနိုင်ငံများမှာကဲ့သို့ အမျိုးသမီးအခွင့်အရေးရရှိရေးအတွက် အထွေအထူးတောင်းဆိုတိုက်ပွဲဝင်ရန် မလိုအပ်ဘဲ မွေးရာပါအခွင့်အရေးများအဖြစ် ရရှိခံစားနေကြရသလို နိုင်ငံတကာ အမျိုးသမီးရေးရာလုပ်ရှားဆောင်ရွက်မှုများတွင်လည်း ဆက်စပ်ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် ညှိနှိုင်းစီမံပေးလျက်ရှိကြောင်း။

ယခုဆိုလျှင် စီးပွားရေးကဏ္ဍ၌ ရှေ့တန်းကပါဝင်ဆောင်ရွက်နေကြသည့် အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာနည်းပညာကဏ္ဍများ၌ ဦးစီးဆောင်ရွက်နေကြသည့် အမျိုးသမီးပညာရှင်များ၊ အားကစား၊ ယဉ်ကျေးမှု၊ လူမှုရေးကဏ္ဍအထွေထွေ၌ ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များ၊ စေတနာ့ဝန်ထမ်း၊ လူမှုရေးအဖွဲ့အစည်းများ၌ ပါဝင်စွမ်းဆောင်နေကြသည့် စေတနာရှင်အမျိုးသမီးများ စဉ်ဆက်မပြတ်ပေါ်ထွန်းနေပြီး အမျိုးသမီးကဏ္ဍဆန်းသစ်ထွန်းတောက်နေပြီဖြစ်သည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေအချိန်အခါကောင်းတွင် မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းနိုင်အောင်၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော်ရာ၌ ပူးပေါင်းပါဝင်နိုင်အောင်၊ ထို့အပြင် မြန်မာအမျိုးသမီးထုကြီး၏ အရေးအရာ ကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိထိရောက်ရောက် တိုးမြှင့်လွှမ်းခြုံပေးနိုင်အောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

တစ်စိတ်တည်း တစ်ဝမ်းတည်း

ယခုဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် တစ်စိတ်တည်း တစ်ဝမ်းတည်း စုစည်းညီညွတ်စွာ လှုပ်ရှားဆောင်ရွက်သွားနိုင်စေရအောင် ဦးဆောင်သွားမည့် အမျိုးသမီးများဆိုင်ရာ လူမှုရေးအဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည်ဟု ခံယူထားကြရမှာဖြစ်ကြောင်း။

အဖွဲ့ချုပ်၏ရည်ရွယ်ချက်များအဖြစ် ကျယ်ပြန့်စွာ ချမှတ်ထားသည်မှာ–

- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊
- အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊
- အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ် ပတ် လည် အ စည်း အ ဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

- တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့များကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊
- အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊
- အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှုလျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊
- အမျိုးသမီးများ၏အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်ဆိုသည့် မွန်မြတ်မြင့်မားသောအချက်များဖြစ်ကြောင်း။

ဤရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာရှေးရှုသည့် အခြေခံမှုများဖြစ်သော–

- ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံးစည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဆိုသည့် **‘အမျိုးသားရေးဆိုင်ရာအခြေခံမှု’**၊
- ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အလေးအနက်ထားကြိုးပမ်းဆောင်ရွက်မည်ဆိုသည့် **‘တိုင်းရင်းသားရေးဆိုင်ရာအခြေခံမှု’**၊
- ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် **‘လူမှုရေးဆိုင်ရာအခြေခံမှု’**၊
- အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရေးနှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်မည်ဆိုသည့် **‘အမျိုးသမီးရေးရာအခြေခံမှု’**တို့နှင့် အညီသာလျှင် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည်တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံထားပြီး အဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ၊ မိမိစိတ်ဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် အမျိုးသမီးများ၏ အရေးအရာကိစ္စများသာမက အမျိုးသားရေးနှင့် လူမှုရေးလုပ်ငန်းများမှာပါ စိတ်ပါဝင်စားသော မြန်မာအမျိုးသမီးတိုင်းအနေဖြင့် အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မြန်မာ့အမျိုးသမီးများကိုယ်တိုင်ဦးဆောင်ပြီး မြန်မာအမျိုးသမီးများအရေး၊ နိုင်ငံတော်၏ အရေးကိစ္စများကို တက်တက်ကြွကြွ ညီညီညွတ်ညွတ် ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်စေရန် စနစ်တကျ တာဝန်အဆင့်ဆင့်ခွဲဝေပြီး သွက်လက်ထက်မြက်သော ယန္တရားတစ်ရပ်ကဲ့သို့ လှုပ်ရှားနိုင်ရန် စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တက်တက်ကြွကြွဆောင်ရွက်

ဗဟိုအဆင့်က ချမှတ်လိုက်သည့်မူဝါဒများ၊ ရည်မှန်းချက်လုပ်ငန်းတာဝန်များ၏ မူဘောင်အတွင်းတွင် ဆင့်ကဲဆင့်ကဲကြီးကြပ်စီမံကွပ်ကဲမှုများသည်အခြေခံဖြစ်သည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်ဆင့်ရောက်ရှိသွားစေရအောင် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်သွားကြရန်၊ အဆင့်အလိုက် သူ့အဆင့်နှင့်သူ လိုက်လျောညီထွေစွာ အထိန်းအကွပ်ဖြင့် တာဝန်ကျေပွန်အောင် တက်တက်ကြွကြွ ဆောင်ရွက်သွားကြရန် လိုအပ်မှာဖြစ်ကြောင်း။

မူဝါဒချမှတ်ပေးမှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သတင်းပေးပို့တင်ပြမှု၊ ကြီးကြပ်ကွပ်ကဲမှု၊ ပြုပြင်ထိန်းကွပ်ပေးမှုတို့သည် အထက်အောက်အပြန်အလှန် စီးဆင်းနေရမှာဖြစ်သကဲ့သို့ အဆင့်တူ အချင်းချင်းတွင်လည်း ညှိနှိုင်းပေါင်းစပ်မှု၊ အကြံဉာဏ်နှင့် သတင်းအချက်အလက်ရယူမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ စဉ်ဆက်မပြတ် ဖြစ်ပေါ်နေစေရအောင် စီမံကွပ်ကဲဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်နိုင်ငံ

- ❑ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အခြားသောနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အမျိုးသမီးများကို နေရာပေးအလေးထားမှု၊ ကြင်နာစွာ ကူညီဖေးမ ရိုင်းပင်းစောင့်ရှောက်မှုတို့ ထူးထူးခြားခြား ဖြစ်ထွန်းနေသည့်နိုင်ငံဖြစ်၊
- ❑ နိုင်ငံတော်အစိုးရက မြန်မာအမျိုးသမီးထု၏ ထက်မြက်သည့် စွမ်းဆောင်ရည်များကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင်၊ မြန်မာအမျိုးသမီးကဏ္ဍအနေဖြင့် ကျစ်လျစ်ခိုင်မာစွာ ဖြစ်ပေါ်ရပ်တည်နိုင်အောင် အားပေးပျိုးထောင်နေ၊
- ❑ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး ဖြန့်ကြက် လွှမ်းခြုံထားပြီး အဖွဲ့ဝင်ဦးရေ ကန့်သတ်ချက်မရှိ၊ မိမိစိတ်ဆန္ဒအလျောက်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နိုင်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် အမျိုးသမီးများ၏ အရေးအရာကိစ္စများသာမက အမျိုးသားရေးနှင့် လူမှုရေးလုပ်ငန်းများမှာပါ စိတ်ပါဝင်စားသော မြန်မာအမျိုးသမီးတိုင်းအနေဖြင့် အဖွဲ့ဝင်များအဖြစ် ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အခွင့်အရေးရရှိခြင်းပင်ဖြစ်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး တွင် သဘာပတိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှစ်ပတ်လည်အစည်းအဝေးကျင်းပ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာဖတ်ကြားတင်သွင်း

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များမှ ခေါင်းဆောင်များ၊ ဒုတိယခေါင်းဆောင်များ၊ အဖွဲ့ခွဲခေါင်းဆောင်နှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ အထောက်အကူပြု အဖွဲ့ဝင်များ၊ ပြည်နယ်၊ တိုင်းများမှ အမျိုးသမီး ရေးရာ အဖွဲ့ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

အမှာစကားပြော

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ တင်ပြကြရာ စည်းရုံးရေးဌာနကြီး ခေါင်းဆောင် ဒေါက်တာညွန့်ညွန့်ဦးကလည်းကောင်း၊ ပြန်ကြားရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ဒေါ်မြမြကလည်းကောင်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးကလည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ထူးထူးအောင်ကလည်းကောင်း၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးကလည်းကောင်း၊ တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်ကလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင်ဒေါ်နီလာသော်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်နယ်၊တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များက လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်လုပ်ငန်းဆောင်ရွက်စဉ် တွေ့ကြုံရမှုများနှင့်စပ်လျဉ်း၍ တင်ပြကြရာ ရှေးဦးစွာကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ကချင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ဌေးက ဆွေးနွေးတင်ပြပြီးအစည်းအဝေးကိုခေတ္တရပ်နားသည်။

မွန်းလွဲပိုင်း

အစည်းအဝေးကိုမွန်းလွဲပိုင်းတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ဆောင်ရွက်သည်။

ယင်းနောက် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်အုန်းရင်ကလည်းကောင်း၊ ကရင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ကရင်ပြည်နယ် အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်စိန်ကလည်းကောင်း၊ချင်းပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ကိုယ်စား ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရယ်ဂျာကလည်းကောင်း၊မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား မွန်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ရင်ရင်မြတ်ကလည်းကောင်း၊ ရခိုင်ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရခိုင်ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေကလည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ်(တောင်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြလွင်ကလည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မွှေးမွှေးငယ်ကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စား ရှမ်းပြည်နယ် (အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းကလည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား စစ်ကိုင်းတိုင်း အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်ကလည်းကောင်း၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုန်းကလည်းကောင်း၊ ပဲခူးတိုင်း(အရှေ့) အမျိုးသမီးရေးရာ အဖွဲ့ကိုယ်စား ပဲခူးတိုင်း(အရှေ့) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မော်မော်ကလည်းကောင်း၊ ပဲခူးတိုင်း (အနောက်) အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စား ပဲခူးတိုင်း(အနောက်) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းမာကလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြပြီး အစည်းအဝေး ပထမနေ့အစီအစဉ်များကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

နှစ်ပတ်လည် အစည်းအဝေးကို မတ် ၄ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

အထူးသဖြင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်စသည့် အမျိုးသမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့အချင်းချင်းသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ လုပ်ငန်းများ အပြိုင်အဆိုင်ယှဉ်ပြိုင် ဆောင်ရွက်သွားကြရန်ထက် တူညီသောရည်မှန်းချက်များနှင့်အညီ အဖွဲ့ချုပ်ကြီး၏ ချမှတ်ပေးထားသော ရည်ရွယ်ချက်များကို မူဝါဒစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အောင်မြင်ဖြစ်ထွန်းလာစေရေအောင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရန် နည်းလမ်းများ တီထွင်ကြံဆ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

ပညာပေးထိန်းသိမ်း

ထို့အပြင် မြန်မာအမျိုးသမီးငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့စရိုက်အစဉ်အလာများကို မြတ်နိုးလေးစားထိန်းသိမ်းမြှင့်တင်တတ်သည့် အလေ့အထနှင့် ခံယူချက် ဖြစ်ပေါ်လာအောင် မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲမပြတ်ရှင်သန် ထွန်းကားပြန့်ပွားနေစေရေအောင် စည်းရုံးဦးဆောင်ပညာပေး ထိန်းသိမ်းသွားကြရမှာဖြစ်ကြောင်း။

ထို့အပြင် မြန်မာအမျိုးသမီးများ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ရာ၌ နိုင်ငံတကာအမျိုးသမီးရေးရာ လှုပ်ရှားဆောင်ရွက်မှုများနှင့် လိုက်လျောညီထွေစွာ ဆက်စပ်မိစေရေးအတွက်လည်း စနစ်တကျ စီမံဆောင် ရွက်သွားကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် မွန်မြတ်သော၊ အမျိုးသားရေးအကျိုးစီးပွား သက်သက်ကိုသာ ရှေးရှုသော စစ်မှန်သည့် လူမှုရေးအဖွဲ့အစည်းကြီးဖြစ်သည်နှင့်အညီ အဖွဲ့ချုပ်၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် တာဝန်ယူဦးဆောင်ကြမည့် အဆင့်ဆင့်သော အမျိုးသမီးခေါင်းဆောင်များသည် စိတ်ဓာတ်ရေးရာအရသော်လည်းကောင်း၊ ကိုယ်ကျင့်သိက္ခာအရသော်လည်းကောင်း၊ စွမ်းဆောင်မှု အရည်အသွေးအရသော်လည်းကောင်း၊ စေတနာ၊ ဝီရိယစိုက်ထုတ်မှုအရသော်လည်းကောင်း အဘက်ဘက်တွင် စံနမူနာပြဖြစ်နေစေရန်၊ ခေါင်းဆောင်ကောင်းပီသစေရန် အထူးလိုအပ်သည်ဟု အလေးအနက်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်အစိုးရသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို နေ့ညမနားမနေ ကြိုးပမ်းဆောင်ရွက်နေပြီး ပြည်သူတို့ကလည်း ဖွံ့ဖြိုးမှုအသီးအပွင့်ကိုခံစားရင်း အစိုးရ၊ တပ်မတော်နှင့်အတူ ပူးပေါင်းလက်တွဲကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကိုပြီးမြောက်အောင်မြင်သည်အထိ အကောင်အထည်ဖော်လျက်ရှိကြကြောင်း၊ နိုင်ငံတော်၏ အနာဂတ်သည် မျှော်လင့်ချက်များဖြင့် ပွင့်လန်းနေကြောင်း။

ထို့ကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းလာရေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြပါဟု အဆင့်ဆင့်သော တာဝန်ယူဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များနှင့်တကွ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို တိုက်တွန်းကြောင်းဖြင့်ပြောကြားသွားသည်။

တက်ညီလက်ညီကြိုးပမ်း

အဖွဲ့ချုပ်၏ အဖွဲ့ဝင်အမျိုးသမီးတိုင်းကလည်း သာမန်အဖွဲ့ဝင်များဖြစ်စေကာမူ မိမိတို့ခံယူထားသည့် ကတိသစ္စာနှင့် ကျင့်ဝတ်တို့ကို လိုက်နာစောင့်ထိန်းပြီး အဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားရင်းအဖွဲ့ချုပ်ကြီး၏ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာအကောင်အထည်ဖော် ဖြစ်ထွန်းလာစေရေအောင် မိမိတို့ကျရာတာဝန်များကို အားကြိုးမာန်တက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

လိုက်လံနှုတ်ဆက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့်တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့များမှ တာဝန်ရှိသူများအား လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနိုင်ရန် ဆေးရုံသုံးရုံ၌ စာဖြေဌာနများဖွင့်ထားမည်

ရန်ကုန် မတ် ၃

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ကြိုတင်ညှိနှိုင်းထားချက်အရ ၂၀၀၅ခုနှစ် မတ် ၁၆ရက်မှ ၂၆ရက်အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်ဝင်စာမေးပွဲအတွက် ဆေးရုံတက်ရောက်၍ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသားကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာန သုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကု ဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက် ဖြေဆိုလိုကြသည့် ကျောင်းသား ကျောင်းသူ (အတွင်းလူနာ)များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေးအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီတောင်းခံနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်လှူဒါန်းပွဲ

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင် လှူဒါန်းပွဲ(ပဥ္စမအကြိမ်)ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်–

နေ့ရက် – **၆–၃–၂၀၀၅ (တနင်္ဂနွေနေ့)**
အချိန် – **နံနက် (၉)နာရီ**
နေရာ – **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။**

စာအုပ်/ငွေပဒေသာပင် လှူဒါန်းလိုကြသော စေတနာရှင်၊အလှူရှင်များသည် အချိန်မီ တက်ရောက်လှူဒါန်းနိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများ ဆက်သွယ်ပါရန်

ဖုန်း – ၃၇၁၃၃၉
ဖုန်း – ၃၇၉၇၆၉
ဖုန်း – ၂၅၂၄၅၁

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြမည့် အောင်ဆန်းစစ်ကြောင်း စစ်ရေးပြတပ်ဖွဲ့ဝင်များအတွက် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများက လှူဒါန်းသည့်ပစ္စည်းများကို ပေးအပ်စဉ်။ (ပြည်ထဲရေး)

နှစ်(၆၀)ပြည့်တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် ပြည်သူတို့နှင့်အတူတကွ လက်တွဲ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၂။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်ကို အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်ကို ပြည်သူလူထုနှင့်အတူ လက်တွဲ ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်သော ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦး အောင်ဆန်းစစ်ကြောင်းကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် နယ်မြေခံတပ်ရင်းရှိ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ပါဝင်စစ်ရေးပြမည့် အောင်ဆန်းစစ်ကြောင်းသို့ ရောက်ရှိလာရာ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးတင်အောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ဗိုလ်မှူးကြီးဇော်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံကြက်ခြေနီ အမှုဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းတို့က ကြိုဆိုကြသည်။

လက်ခံရယူ

ထို့နောက် စစ်ကြောင်းမှူးဗိုလ်မှူးကြီးတင်အောင်မှ စစ်ကြောင်းလေ့ကျင့်မှု၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးအခြေအနေများကို တင်ပြခဲ့ပြီး ဝန်ကြီးက နှစ်(၆၀)ပြည့်တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့် စစ်ရေးပြတပ်ဖွဲ့ဝင်များအတွက် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ လှူဒါန်းသည့် ပစ္စည်းများကို ပေးအပ်ရာ စစ်ရေးပြတပ်ဖွဲ့ဝင်များကိုယ်စား စစ်ကြောင်းမှူးနှင့် တပ်ခွဲမှူးများက လက်ခံရယူခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် အောင်ဆန်းစစ်ကြောင်းမှ စစ်ရေးပြတပ်ဖွဲ့ဝင်များအား တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ပြီး အိပ်ဆောင်နှင့် စားရိပ်သာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်း ညွှန်ကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်မည့် စစ်ကြောင်းကြီးများတပ်မဲ့စစ်ရေးပြလေ့ကျင့်

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများသည် ယနေ့နံနက်၅ နာရီခွဲမှ ၁၀နာရီအထိ တော်လှန်ရေးပန်းခြံ၌ တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို ဆက်လက်လေ့ကျင့်ကြသည်။

ယင်းသို့ စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ရာတွင် စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်ညီထွန်း ဦးဆောင်၍ စစ်ကြောင်းမှူးဗိုလ်မှူးကြီးအောင်ကျော်ဦး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သာအောင် ဦးဆောင်သည့် ကျန်စစ်သားစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး အောင်ကျော်ဦး ဦးဆောင်သည့် ဘုရင့်နောင်စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်း ဦးဆောင်သည့် နဝဒေးစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး မျိုးဝင်း ဦးဆောင်သည့် အောင်ဇေယျစစ်ကြောင်း၊ စစ်ကြောင်းမှူးဗိုလ်မှူးကြီး ခင်အောင်မြင့် ဦးဆောင်သည့် ဆင်ဖြူရှင် စစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီး ခင်မောင်ဦး ဦးဆောင်သည့် ဗန္ဓုလစစ်ကြောင်း၊ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးဝင်းဆွေ ဦးဆောင်သည့် မြဝတီ စစ်ကြောင်းနှင့် စစ်ကြောင်းမှူး ဗိုလ်မှူးကြီးသိန်းဇော် ဦးဆောင်သည့် အောင်ဆန်းစစ်ကြောင်းတို့မှ တပ်မတော်သားများက တပ်မဲ့စစ်ရေးပြလေ့ကျင့်မှုများကို ပြုလုပ်ကြသည်။

ကြည့်ရှုစစ်ဆေး

စစ်ရေးပြလေ့ကျင့်မှုများကို ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော် အရာရှိကြီးများ လာရောက်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းကြီးများ(တပ်မဲ့) စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ထပဆ)

တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စစ်ရေးပြတပ်ခွဲများအတွက်ငွေလှူဒါန်း

ရန်ကုန် မတ် ၃

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစ်ရေးပြတပ်ခွဲများအတွက် ဒေါ်အေးဝင်း (Lucky Seven ဗီဒီယို ထုတ်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဒေါ်နန်းဖူး (Beauty Palace ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်းလေးသောင်း တန်ဖိုးရှိ Best-T သွားတိုက်ဆေးနှင့် A-21 ဆပ်ပြာခဲများ၊ ဦးမျိုးဆွေ(Execellant Creation တေးထုတ်လုပ်ရေး)က ငွေကျပ်နှစ်သိန်း၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းက ငွေကျပ်တစ်သိန်း၊ ဦးဝင်းကြည် (စိန်ငွေးဗီဒီယို ထုတ်လုပ်ရေး)က ငွေကျပ်တစ်သိန်း၊ဖျာပုံမြို့ ရေလုပ်ငန်းရှင်များ အသင်းက ငွေကျပ်၁၀၃၉၀၀တန်ဖိုးရှိ ငါးပိ၊ငါးခြောက်များ၊ ဦးစိုးမိုးအောင်(Myanmar Foodpack ကုမ္ပဏီ)က ငွေကျပ် ရှစ်သောင်းတန်ဖိုးရှိ ငါးပိသာ၂၀၀၊ ဦးခင်မောင်ကျော် (KMK ရေလုပ်ငန်း)က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ငါးပိသာ ၁၅၀လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ပြည်ထဲရေးဝန်ကြီး ဌာန ဝန်ကြီးရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ လှူဒါန်းရခြင်းအကြောင်းကို အလှူရှင်များကိုယ်စား ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီလူမင်းက ရှင်းလင်းပြောကြားပြီး အလှူငွေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ပေးပို့ထားပြီးဖြစ်ရာ စာမေးပွဲဝင်ခွင့်ကတ်ပြား (Identity Card) များကို သက်ဆိုင်ရာ စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှ မတ် ၈ ရက် (အင်္ဂါနေ့)မှစ၍ စာမေးပွဲရက် မတိုင်မီ ကြိုတင်ထုတ်ယူကြရန်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်အသီးသီး၌ ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် ခုံအမှတ်စာရင်းများနှင့် စာစစ်ဌာနစာရင်းများကို မြို့နယ်အလိုက် သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများတွင် မတ် ၇ ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ ကပ်ထားပေးမည်ဖြစ်သည်။

ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မတ် ၁၁ ရက် (သောကြာနေ့)မှစ၍ ထုတ်ယူနိုင်ကြရာ အခြေခံပညာအထက်တန်းကျောင်း (ကျောင်းခွဲ)နှင့် (တွဲဖက်)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံမှ လည်းကောင်း၊ ပြင်ပမှ ဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာန ကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီး ထုတ်ယူနိုင်ကြကြောင်း မြန်မာနိုင်ငံစာစစ်အဖွဲ့က ယနေ့ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

ညီလာခံကိုယ်စားလှယ်များ၏အကြံပြုချက်များကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က လေ့လာအတည်ပြု အတည်ပြုခဲ့သည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်မည့်အခြေခံမူများ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြား

ရန်ကုန် မတ် ၃

၂၀၀၅ ခုနှစ် မတ် ၃ ရက် (ယနေ့) တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေဟုဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

သဘောထားရယူ

၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များနှင့် ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့ တင်ပြသွားသော ဆွေးနွေးအကြံပြုချက်များကို ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ကြောင်း၊ ယင်းအကြံပြုချက်များအနက် အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများအတွင်းက ကောင်းမွန်သင့်မြတ်သော အကြံပြုချက်များကို တင်ပြခဲ့ကြကြောင်း၊ အချို့ကိုယ်စားလှယ်အစုအဖွဲ့က တင်ပြထားသည့် အကြံပြုချက်အချို့သည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များဖြစ်သည့်အတွက် ထိုအကြံပြုချက်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များ၏ သဘောထားများကို သဘာပတိအဖွဲ့ဝင်များမှတစ်ဆင့် ရယူခဲ့ကြောင်း။

ထို့နောက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုချက်များကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက အသေးစိတ်လေ့လာခဲ့ကြောင်း၊ ထိုကဲ့သို့ လေ့လာပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက ပြည့်စုံရှင်းလင်းစွာဖြင့် ပြုစုထားသော ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ တင်ပြခဲ့ကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြခဲ့သော အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က အသေးစိတ်လေ့လာပြီး အတည်ပြုခဲ့ကြောင်း၊ ယင်းသို့အတည်ပြုခဲ့သည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်မည့် အသေးစိတ်အခြေခံရမည့်မူများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

ကဏ္ဍ(၁၁)ခုခွဲခြား

၂၀၀၄ ခုနှစ် မေ ၁၈ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက "နိုင်ငံတော်ရဲ့ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်တို့အား ခွဲဝေအပ်နှင်းသည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သည့် ဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းသည်"ဟု အခြေခံရမည့်မူ ချမှတ်ပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုစာရင်း လျာထားချက်နှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ယင်းလွှတ်တော်နှစ်ရပ်ပါရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုစာရင်းလျာထားချက်များကို ကဏ္ဍ(၁၁)ခုခွဲခြားပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍ(၁၁)ခုမှာ-

၁။ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍ၊
၂။ နိုင်ငံခြားရေးကဏ္ဍ၊
၃။ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊
၄။ စီးပွားရေးကဏ္ဍ၊
၅။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊
၆။ စွမ်းအင်၊လျှပ်စစ်၊သတ္တုနှင့်သစ်တောကဏ္ဍ၊
၇။ စက်မှုလက်မှုကဏ္ဍ၊
၈။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊
၉။ လူမှုရေးကဏ္ဍ၊
၁၀။ စီမံခန့်ခွဲရေးကဏ္ဍနှင့်
၁၁။ တရားစီရင်ရေးကဏ္ဍ

တို့ဖြစ်ပါကြောင်း။

ထိုကဏ္ဍ(၁၁)ခုအနက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအောက်တွင် ပါရှိမည့် ကိစ္စများနှင့်စပ်လျဉ်းပြီး အောက်ပါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်မသင့်ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း။

"၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေ အစိတ်အပိုင်းများကာကွယ်ရေး၊ ယင်းတို့ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊
၂။ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ" နှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

၃။ ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊
၄။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ၊
၅။ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊
၆။ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
၇။ ရဲတပ်ဖွဲ့"

ဟု အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့်ကြောင်းကို ရှင်းလင်းတင်ပြခဲ့ကြောင်း။

ယင်းအသေးစိတ် အခြေခံရမည့်မူများဟာဆိုလျှင် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းရှိ ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍတွင်ဖော်ပြရမည့်အချက်များကို သိသာထင်ရှားအောင် တစ်ချက်ချင်းအပိုဒ်ခွဲပြီး ဖော်ပြထားခြင်းဖြစ်ကြောင်း။

ထိုကဲ့သို့လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ်ချမှတ်သင့်ကြောင်းကို အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များဖြစ်ကြသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အကြံပြုတင်ပြ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က အောက်ပါအကြောင်းကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းသည့်အခါ လျော်ကန်သင့်မြတ်သကဲ့သို့ ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းပြုရာ၌ 'အကြမ်းဖက်မှုနှင့် အကျပ်ကိုင်မှုများ ကာကွယ်ဟန့်တားရေး'၊

(၂) ဇီဝနှင့် ဓာတု စသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ဥပဒေပြဋ္ဌာန်းရာတွင် သမားရိုးကျ လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ သမားရိုးကျ မဟုတ်သော နည်းပညာအဆင့်မြင့် မဟာဗျူဟာမြောက် လက်နက်များဟူသော အချက်ကို ထည့်သွင်းစဉ်းစားပေးပါရန်၊

(၃) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေတတ်သော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များနှင့် စပ်လျဉ်းသည့် လုံခြုံရေးအဆင့်မြင့် အရာဝတ္ထုပစ္စည်း၊ နယ်မြေ၊ နည်းပညာ၊ သုတေသန၊ သတင်းအချက်အလက် စသည့် (Highly classified material, objects, Area, technologies, researches and information) အထူးလုံခြုံရေးနှင့်ဆိုင်သည့် ကိစ္စရပ်များ၊ ၎င်းတို့ကို ကိုင်တွယ်သုံးစွဲ ဆောင်ရွက်ရသူများအတွက် ထိခိုက်မှုများဖြစ်ပေါ်လာပါက ကရုဏာကြေး၊ နစ်နာကြေး၊ အာမခံကြေးများ"

ဟု အကြံပြုတင်ပြသွားသည်ကို တွေ့ရကြောင်း။

ယင်းအကြံပြုချက်နှင့် စပ်လျဉ်းပြီး နောင်ပေါ်ပေါက်လာမည့် ဥပဒေပြုအဖွဲ့အစည်းများက ဥပဒေပြဋ္ဌာန်းသည့်အခါ ဖော်ပြပါအကြံပြုချက်များကို စဉ်းစားနိုင်ရန်အတွက် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကိုအကျိုးပြု

အမျိုးသားညီလာခံကိုယ်စားလှယ်များ အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က "ယနေ့ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့အစည်းများသည် ဒေသတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ နိုင်ငံတော်ကာကွယ်ရေး စသည်တို့တွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှုများ ရရှိခဲ့သည့်အပြင် ပြည်ထောင်စုကိုလည်း အကျိုးပြုနိုင်ကြောင်းကို တွေ့ရှိခဲ့ရကြောင်း။

ထို့ကြောင့် ယင်းတိုင်းရင်းသားအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ အပေါင်းလက္ခဏာအင်အားစု အဖွဲ့အစည်းများဟု ဆိုလျှင်လည်းရပါကြောင်း၊ ယင်းကဲ့သို့ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများကို ဒေသတည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ ပြည်သူတို့၏အသက်အိုးအိမ် စည်းစိမ် ကာကွယ်စောင့်ရှောက်ရေး တာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက်နှင့် နောင်တွင်လည်း နိုင်ငံတော်၏အကျိုးပြု အင်အားစုအဖြစ် ထားရှိသင့်ကြောင်းကို တင်ပြအပ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးသည့် အခြေခံမူများအနက် အချက်တစ်ချက်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့်အတွက် ထိုတိုင်းရင်းသားလက်နက်ကိုင်အင်အားစုအဖွဲ့အစည်းများကို နောင်အနာဂတ်တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် သင့်လျော်သည့် အစီအမံများဖြင့် ထားရှိဆောင်ရွက်ပေးပါရန် အကြံပြုလိုကြောင်း"ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

တိုင်းရင်းသားအကျိုးရှေးရှု

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ အကြံပြုချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရလျှင် အမျိုးသားညီလာခံက ချမှတ်ထားပြီးဖြစ်သည့် အခြေခံရမည့်မူများအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်ကြောင်း၊ တပ်မတော်သည် ရှေးအစဉ်အဆက်ကတည်းက တိုင်းရင်းသားအားလုံး ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခုလည်း တပ်မတော်သည် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ကတင်ပြသည့် တိုင်းရင်းသားအဖွဲ့အစည်းများအတွက် စားဝတ်နေရေးကအစ တာဝန်ယူကာ ညီနောင်သားချင်းသဖွယ် စောင့်ရှောက်ပေးနေသကဲ့သို့ နောင်တွင်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားများအကျိုးရှေးရှုပြီး စောင့်ရှောက်သွားမည်ဖြစ်ကြောင်းကို ပြောကြားအပ်ပါကြောင်း၊ ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင် "အကြံပြုဆွေးနွေးလိုသည့် အချက်တစ်ရပ်မှာ အဏုမြူစွမ်းအင်ကိစ္စပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် နိုင်ငံတကာက အဏုမြူစွမ်းအင်ကိုကာကွယ်ရေး၊ စစ်ရေးအတွက် အသုံးပြုခြင်းကို လက်ခံခြင်းမပြုဘဲ ဆန့်ကျင်နေကြကြောင်း၊ ထို့ကြောင့် 'အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ'ဟူသော အခြေခံမူကို ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်၌ ထားရှိခြင်းအားဖြင့် နိုင်ငံတကာက ဝေဖန်စရာဖြစ်လာနိုင်ခြင်းကြောင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်တွင် ထားရှိမည့်အစား စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍသို့ ပြောင်းရွှေ့ထည့်ရန်သင့်ပါကြောင်း"ဖြင့် တင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ယခုပြည်ထောင်စုဥပဒေပြုစာရင်းရှိ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်တွင် 'အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ'ဆိုသည့် အချက်ကို ထည့်သွင်းထားခြင်းသည် နောင်တစ်ချိန်တွင် နိုင်ငံအတွက် ဥပဒေပြုရန်လိုအပ်လာလျှင် ဥပဒေပြုနိုင်ရန် ရည်ရွယ်ပြီး ထည့်သွင်းထားခြင်းသာဖြစ်ကြောင်း၊ ထိုကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် ထည့်သွင်းထား၍ စစ်ရေးစစ်ရာအတွက်သာ အသုံးချမည်ဟု ယူဆရန်မဟုတ်ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်ယူရန်နှင့် လူသားများအတွက် အကျိုးပြုစေမည့် အခြားလုပ်ငန်းများအတွက် အသုံးပြုသွားနိုင်ရန်လည်း ရည်ရွယ်ခြင်းဖြစ်ကြောင်း။

မည်သည့်ကဏ္ဍတွင် ဖော်ပြသည်ဖြစ်စေ အဓိကမှာ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန်ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင်လည်း ကာကွယ်ရေးကဏ္ဍထဲတွင် ဖော်ပြခဲ့သကဲ့သို့ အချို့နိုင်ငံများတွင်လည်း နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအောက်တွင်သာ ထားရှိခြင်းကိုတွေ့ရကြောင်း၊ ထို့ကြောင့် မူလကတင်ပြထားသည့်အတိုင်း နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအောက်တွင်သာ ထားရှိသင့်သည်ဟု သုံးသပ်ရရှိကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။
(သတင်းစဉ်)

● *ကျောဖုံးမှ*

ကိုယ်စားလှယ်များတက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူး အဖြစ်ဆောင်ရွက်စဉ်။
(သတင်းစဉ်)

တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

မှတ်တမ်းလက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိပြီး ၁၀၆၇ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၀၇ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ"နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "နိုင်ငံခြားရေးကဏ္ဍ"၊ "ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ"၊ "စီးပွားရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဖတ်ကြားတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက်၁၀နာရီ မိနစ်၂၀တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ"၊ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ"တို့ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဒေါက်တာထွန်းရှင်တင်ပြ

ထို့နောက် အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "စက်မှုလက်မှုကဏ္ဍ"နှင့် "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဖတ်ကြားတင်ပြပြီး နေ့လယ်စာ သုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယ ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက် ဖော်ပြသွားပါမည်။)

ဦးသိန်းစိန်တင်ပြ

ယင်းနောက်အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ၁နာရီတွင် ပြန်လည်ကျင်းပရာအမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ "လူမှုရေးကဏ္ဍ"

"လူမှုရေးကဏ္ဍ"နှင့် "စီမံခန့်ခွဲရေးကဏ္ဍ"တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

"စက်မှုလက်မှုကဏ္ဍ"နှင့် "ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ"တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားတွေ့ရစဉ်။
(သတင်းစဉ်)

နှင့်"စီမံခန့်ခွဲရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စားလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသိန်းစိန်က ဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဒေါက်တာတင်အောင်အေးတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ၌နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက်အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့် ဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့သို့မဟုတ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး" တို့ကိုအမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးကဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေး၏ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

မိနစ်၂၀တွင် ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"၊ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊"ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း" တို့ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကိုယ်စား

ဦးသောင်းညွှန့်၏ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဦးတင်အေးတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"ကို အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေးကဖတ်ကြားတင်ပြသည်။

လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်တို့က အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အများအပြား၏ အကြံပြုချက်များနှင့်အညီ ချမှတ်ပြီးဖြစ်သော အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များ အလွယ်တကူသိရှိနိုင်ရန် စုစည်းတင်ပြကြသည်။ **(ယင်းစုစည်းတင်ပြသည့် အသေးစိတ်အခြေခံရမည့်မူများကိုဆက်လက်ဖော်ပြသွားပါမည်။)**

ယင်းနောက် ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ ၃ နာရီ ၃၅ မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ် ချုပ် ကြီး သိန်းစိန် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

စပ်လျဉ်း၍ "တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ"၊ "ပြည်ထောင်စုတိုင်းဒေသကြီး သို့မ

ဦးသောင်းညွှန့်တင်ပြ

ထို့နောက်အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီ

လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွှန့်ကဖတ်ကြားတင်ပြသည်။

(အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး

(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် တရားရုံးချုပ်တရားသူကြီး ဦးတင်အေး၏ ဖတ်ကြား တင်ပြချက်

"ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်း"တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဦးတင်အေး ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

"တရားစီရင်ရေးကဏ္ဍ"၊ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့် အာဏာ"၊ "ပြည်ထောင်စု တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာ ခွဲဝေရေး"တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီ အဖွဲ့ဝင် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ"၊ "စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ"၊ "ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ"၊ "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှု"၊ "ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း"တို့နှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်း ကော်မတီအတွင်းရေးမှူး ဦးသောင်းညွှန့် ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

ကို ဆက် လက် ဖော်ပြ သွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ၂၀၀၅ ခုနှစ် မတ် ၇ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

4-3 (09).p65 2 3/25/05, 12:41 AM

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် နိုင်ငံခြားရေးကဏ္ဍ၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်ရေး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်တင်ပြ

ရန်ကုန် မတ် ၃

၂၀၀၅ ခုနှစ် မတ် ၃ရက်(ယနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ "နိုင်ငံခြားရေးကဏ္ဍ"၊ "ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ"နှင့် "စီးပွားရေးကဏ္ဍ"တို့ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြသင့်သည့် နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ၂၀၀၄ခုနှစ် မေ ၁၈ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ၊
၂။ ကုလသမဂ္ဂ၊
၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာ ညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊
၄။ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကိုချုပ်ဆိုရေးနှင့်အထမြောက်စေရေး၊
၅။ နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊
၆။ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊
၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့်သက်ဆိုင်ရာနိုင်ငံမှတောင်းဆိုရေး"

ဟု အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ကြောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း။

အကြံပြုတင်ပြ

ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်သည့်အတိုင်း ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် နိုင်ငံခြားရေးကဏ္ဍ၌ ပါရှိသင့်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖော်ပြပါအချက်ခုနစ်ချက်ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က–

"အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အသေးစိတ် အခြေခံသင့်သည့် မူခုနစ်ချက်ကို ရှင်းလင်းတင်ပြထားကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်အချက် ခုနစ်ချက်ကို မိမိတို့အားလုံး သဘောတူထောက်ခံကြပါကြောင်း၊ သို့သော် မိမိတို့ကိုယ်စားလှယ်များအနေဖြင့် အောက်ပါအချက်များကို အနည်းငယ်ထပ်မံဖြည့်စွက် အကြံပြုလိုပါကြောင်း။

အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံ တစ်နိုင်ငံတွင် နိုင်ငံခြားရေးရာနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အဆင့်(ဗဟို)က တာဝန်ယူရသည့်ကဏ္ဍနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များက တာဝန်ယူရသည့် ကဏ္ဍနှစ်မျိုးရှိကြောင်း၊ နိုင်ငံတော်အဆင့်(ဗဟို)အနေဖြင့် အဓိကကျသောအောက်ဖော်ပြပါကိစ္စများကို တာဝန်ယူရပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သော သာမန်သံတမန်ရေးရာ(Protocol Matters)များကိုသာ တာဝန်ယူရကြောင်း၊ ဗဟိုကတာဝန်ယူရသည့် အပိုင်းများတွင် နိုင်ငံခြားရေးဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ပြည်ပနိုင်ငံ သို့မဟုတ် အစိုးရကို အသိအမှတ်ပြုခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း၊ သံတမန်/ကောင်စစ်/ကုန်သွယ်ရေး၊ အဆက်အသွယ်ပြုလုပ်ခြင်း၊ ရပ်ဆိုင်းဖြတ်တောက်ခြင်း၊ (နှစ်နိုင်ငံဆက်ဆံရေးပြုလုပ်ရာတွင် ကုန်သွယ်ရေး၊ ကောင်စစ်၊ သံတမန် စသည်ဖြင့် အဆင့်အမျိုးမျိုးဆောင်ရွက်ကြကြောင်း၊ တချို့က တိုက်ရိုက် သံတမန်အဆက်အသွယ်၊ တစ်နည်းအားဖြင့် သံရုံးကြီးအဆင့် အဆက်အသွယ်ပြုလုပ်ကြကြောင်း။)

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုသည် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများသို့ဝင်ရောက်ပြီး သက်ဆိုင်ရာအစည်းအဝေးများကို တက်ရောက်ခြင်း၊ ဆုံးဖြတ်ချက်များကို လက်မှတ်ထိုး၊ အတည်ပြု၊ အကောင်အထည်ဖော်ခြင်း၊ ယင်းအဖွဲ့အစည်းဝင်အဖြစ်မှ နုတ်ထွက်ခြင်းတို့ကို ပြုလုပ်ကြရပါကြောင်း။

"နိုင်ငံခြားရေးကဏ္ဍ"၊ "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ"၊"စီးပွားရေးကဏ္ဍ"တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ နှစ်နိုင်ငံစာချုပ်သဘောတူညီချက်ကို ချုပ်ဆိုလက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကိုပြုလုပ်ကြရပါကြောင်း။

'စံ'တစ်ခုထားပြုလုပ်

နိုင်ငံသားတစ်ဦးအနေဖြင့် ပြည်ပတွင်ခရီးသွားလာရန်နှင့် နိုင်ငံသားဖြစ်ကြောင်း အဓိကအထောက်အထားဖြစ်သည့် နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်အသီးသီးတို့ကို နိုင်ငံတော်အဆင့်(ဗဟို)ကသာလျှင် 'စံ'တစ်ခုထားပြုလုပ်ပါကြောင်း။

ပြည်ပသားများ မြန်မာနိုင်ငံသို့ ဝင်ရောက်ခြင်းနှင့် ထွက်ခွာခြင်းကိစ္စတွင် ပြည်ဝင်ခွင့် ဗီဇာနှင့် ပြည်တွင်း၌ နေထိုင်ခြင်း၊ ပြန်လည်ထွက်ခွာခြင်းတို့ပါဝင်ရာ ပြည်ပသားများ ပြည်တွင်းသို့ စနစ်တကျဝင်ရောက်ခြင်း၊ နေထိုင်ခြင်း၊ ထွက်ခွာခြင်းတို့ကို စိစစ်ခြင်းဖြစ်သဖြင့် ဗဟိုမှကိုင်တွယ်ခြင်း ဖြစ်ကြောင်း၊ အလားတူအကြောင်းကြောင့် လူဝင်မှုနှင့် ပြည်နှင်ဒဏ်ပေးခြင်းတို့ကိုလည်း နိုင်ငံတော်အဆင့်(ဗဟို)က ကိုင်တွယ်ခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်၍ နိုင်ငံခြားရေးကဏ္ဍနှင့်ပတ်သက်ပြီး

'နိုင်ငံခြားရေးမူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း'၊ 'နိုင်ငံနှင့်အစိုးရအသိအမှတ်ပြုခြင်း၊ ရုပ်သိမ်းခြင်း'စသည့်အချက်တို့ကို ထပ်မံဖြည့်စွက်ပြီး အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း။

ထို့အပြင် အောက်ပါစာသားများကို ဖြည့်စွက်အစားထိုးပေးပါရန် အကြံပြု တင်ပြပါကြောင်း။

'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များ'ဟူသော စကားရပ်အစား 'သံတမန်ရေး၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အဆက်သွယ်ပြုခြင်း၊ ဖြတ်တောက်ခြင်း'ဟူ၍ လည်းးကောင်း၊

'ကုလသမဂ္ဂ'ဟူသော စကားရပ်အစား 'ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ'ဟူ၍လည်းကောင်း၊

'အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ ဆုံးဖြတ်ချက်များကို အထမြောက်စေရေး' ဟူသော စကားရပ်အစား 'အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင် ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊ ယင်းအဖွဲ့အစည်းမှ နုတ်ထွက်ရေး'ဟူ၍လည်းကောင်း၊

'အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့် အထမြောက်စေရေး'ဟူသော စကားရပ်အစား 'အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုအတည်ပြုရေး၊ အထမြောက်စေရေးနှင့် ပြန်လည်ရုပ်သိမ်းခြင်း' ဟူ၍ လည်းကောင်း၊

'နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ'ဟူသော စကားရပ်အစား 'နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ' ဟူ၍ လည်းကောင်း၊

အစားထိုးဖြည့်စွက်ချမှတ်သင့်

'ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး'ဟူသောစကားရပ်အစား 'ပြည်ဝင် ခွင့်ဗီဇာ၊ နေထိုင်ခွင့်၊ ထွက်ခွာခွင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးခြင်း'ဟူ၍လည်းကောင်း အသီးသီးစကားရပ်များကို အစားထိုးဖြည့်စွက်ကာ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချို့ဟာ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်နေပါကြောင်း၊ ကူးသန်းသွားလာမှု၊ ယာယီဝင်ထွက်မှုများအပြင် လူမှုရေးကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေး၊ ရောင်းဝယ်ရေးအတွက်လည်း ကူးလူးဆက်ဆံ ဝင်ထွက်မှုမျိုး ရှိနေကြပါကြောင်း၊ ထို့ကြောင့် အောက်ပါအချက်နှစ်ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပြီး အိမ်နီးချင်းနိုင်ငံများနှင့်ဆက်စပ်နေသည့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်သည့် လုပ်ပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် အောက်ပါအချက်များ ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ ယင်းအချက်များမှာ–

(၁) နယ်စပ်ဒေသ ယာယီဝင်ထွက်သွားလာခွင့်၊
(၂) ရေချင်း၊မြေချင်း ထိစပ်နေသည့် တစ်ဖက်အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသနှင့် ကုန်ရောင်း ကုန်ဝယ်ကိစ္စရပ်များ ဖြစ်ပါ ကြောင်း"ဖြင့် အကြံပြုတင်ပြသွားကြောင်း။

ဤအကြံပြုချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် 'နိုင်ငံခြားရေးမူဝါဒ ချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ နိုင်ငံနှင့်အစိုးရ အသိအမှတ် ပြုခြင်း၊ ရုပ်သိမ်းခြင်း'စသည့် ကိစ္စရပ်များသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်း တာဝန်များသာဖြစ်၍ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် သက်ဆိုင်ပါကြောင်း ပြောကြားလိုကြောင်း။

ကိစ္စရပ်အားလုံးအကျုံးဝင်

ကျန်ရှိသည့် နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ အကြံပြုချက်များကို လေ့လာကြည့်သည့်အခါ ယခုရှင်းလင်းဖော်ပြထားသော အချက်များသည် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းတွင် ပါဝင်သည့် ပြည်ထောင်စု ဥပဒေပြုစာရင်း၌ ဖော်ပြမည့် ကိစ္စရပ်များသာဖြစ်၍ အဓိကအားဖြင့် ဥပဒေပြုရမည့် ခေါင်းစဉ်ကိုသာ စာသားအသုံးအနှုန်း ကျစ်လျစ်သိပ်သည်းပြီး ခြုံငုံမိအောင် ဖော်ပြထားခြင်းဖြစ်ကြောင်း၊ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိုယ်စားလှယ်များဆိုသည့် စကားရပ်ထဲတွင် အဆက်အသွယ်ပြုခြင်း၊ ဖြတ်တောက်ခြင်းနှင့် အခြားဆိုင်ရာကိစ္စရပ်အားလုံးသည် အကျုံးဝင်ပြီး ဖြစ်သကဲ့သို့ 'ကုလသမဂ္ဂ'ဆိုသည့် စကားရပ်ထဲတွင် ကုလသမဂ္ဂနှင့် သက်ဆိုင်သမျှအဖွဲ့အစည်း၊ ကိစ္စရပ်အားလုံးသည် အကျုံးဝင်ပြီးဖြစ်ကြောင်း။

အလားတူပင် 'အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့် အခြားအဖွဲ့အစည်းများတွင်ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ဆုံးဖြတ်ချက်များကို အထမြောက်စေရေး'ဆိုသည့် စကားရပ်ထဲတွင် ဖော်ပြပါကိစ္စရပ်များနှင့်ဆက်နွယ် ဆောင်ရွက်ရမည့် နုတ်ထွက်ရေးအပါအဝင် အခြားကိစ္စရပ်များလည်း အကျုံးဝင်သွားမည်ဖြစ်သကဲ့သို့ 'အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာစာချုပ်များ၊ သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊ နှစ်ပြည်ထောင်ဆိုင်ရာသဘောတူညီချက်များ၊ စာချုပ်များကိုချုပ်ဆိုရေးနှင့် အထမြောက်စေရေး'ဆိုသည့် စကားရပ်ထဲတွင် ယင်းကိစ္စများနှင့်သက်ဆိုင်သည့် ပြန်လည်ရုပ်သိမ်းခြင်းအပါအဝင် အခြားကိစ္စရပ်များလည်း အကျုံးဝင်သွားမည် ဖြစ်ပါကြောင်း။

နယ်စပ်ဒေသ ယာယီဝင်ထွက်သွားလာခွင့်နှင့် ရေမြေချင်း ထိစပ်နေသည့် တစ်ဖက်အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသနှင့် ကုန်ရောင်းကုန်ဝယ် ကိစ္စရပ်များကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား လုပ်ပိုင်ခွင့်ပေးရေးကိစ္စသည် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်ပေးခြင်းနှင့်သာ သက်ဆိုင်သောကြောင့် နောင်ဥပဒေများပြဋ္ဌာန်းသည့်အခါ ထည့်သွင်းပြဋ္ဌာန်းပေးနိုင်ရေး အတွက် မှတ်တမ်းတင်ထားသင့်ကြောင်း သုံးသပ်ရရှိပါကြောင်း။

အလေးအနက်ထားစဉ်းစားသင့်

ယင်းအစုအဖွဲ့ကပင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့် အမှတ်စဉ်(၅)ရှိ 'နိုင်ငံကူးလက်မှတ်များ၊ ပြည်ဝင်ခွင့်ဗီဇာများနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ' ဆိုသည့် စကားရပ်အစား 'နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ'ဟုလည်းကောင်း၊ အမှတ်စဉ်(၆)ရှိ 'ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး'ဆိုသည့် စကားရပ်အစား 'ပြည်ဝင်ခွင့်ဗီဇာ၊ နေထိုင်ခွင့်၊ ထွက်ခွာခွင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးခြင်း'ဟုလည်းကောင်း အစားထိုးပြင်ဆင်ပေးရန် အကြံပြုတင်ပြသွားကြောင်း၊ ထိုအကြံပြုချက်သည် လျော်ကန်သင့်မြတ်ပြီး အလေးအနက်ထားစဉ်းစားသင့်ကြောင်းကို တွေ့ရှိရကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံတွင် နိုင်ငံခြားရေးရာနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အဆင့်(ဗဟို)က တာဝန်ယူရသည့်ကဏ္ဍနှင့် တိုင်းဒေသကြီး(သို့)ပြည်နယ်များက တာဝန်ယူရသည့်ကဏ္ဍနှစ်မျိုးရှိ

စာမျက်နှာ ၁၀မှ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ရှင်းလင်းပြောကြားခဲ့သော နိုင်ငံခြားရေးကဏ္ဍတွင် ပါရှိသင့်သည့် ကိစ္စရပ်ခုနစ်ခုအနက် အမှတ်စဉ်(၁)တွင် 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိုယ်စားလှယ်များ'ဟူသောစကားရပ်အစား 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာကိုယ်စားလှယ်များ' ဆိုသည့် စကားရပ်ကို ပြောင်းလဲပြင်ဆင်ပေးရန် အကြံပြုတင်ပြသွားကြောင်း၊ ယင်းအကြံပြုချက်သည် လျော်ကန်သင့်မြတ်ပြီး အဓိပ္ပာယ်ပိုမို ကျယ်ဝန်းလေးနက်စေသည့်အတွက် အလေးအနက်ထားစဉ်းစားသင့်ကြောင်းကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ဖော်ပြပါအကြံပြုချက်များဖြစ်သည့် အမှတ်စဉ်(၁)အဖြစ် 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ'၊ အမှတ်စဉ်(၅)အဖြစ် 'နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း၊ သက်သေခံလက်မှတ်များ'နှင့် အမှတ်စဉ်(၆)အဖြစ် 'ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး'ဆိုသည့် အချက်များနှင့် စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်မသင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက သဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်းခဲ့ကြောင်း၊ သဘာပတိအဖွဲ့ဝင်များကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ပြန်လည်ညှိနှိုင်းပြီး ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားများကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ စာဖြင့်တင်ပြခဲ့ကြကြောင်း၊ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အများအပြားက 'သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ'ဟူသော စကားရပ်ကို နိုင်ငံခြားရေးကဏ္ဍ၏ အမှတ်စဉ်(၁) အဖြစ်လည်းကောင်း၊ 'နိုင်ငံကူးလက်မှတ်များနှင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်များ'ဟူသောစကားရပ်ကို အမှတ်စဉ်(၅)အဖြစ်လည်းကောင်း၊ 'ပြည်ဝင်ခွင့်ဗီဇာ၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး'ဟူသောစကားရပ်ကို အမှတ်စဉ်(၆)အဖြစ်လည်းကောင်း ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ပါတီသဘောထားအတိုင်းတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့၌ ပါဝင်သည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် နိုင်ငံခြားရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စရပ်များနှင့် စပ်လျဉ်းပြီး–

"၁။ သံတမန်ရေးရာ၊ ကောင်စစ်ရေးရာနှင့် အခြားရေးရာဆိုင်ရာ ကိုယ်စားလှယ်များ၊
၂။ ကုလသမဂ္ဂ၊
၃။ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့်နှစ်ပြည်ထောင်ဆိုင်ရာညီလာခံများ၊ ဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ အသင်းများနှင့်အခြားအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ယင်းတို့၏ဆုံးဖြတ်ချက်များကို အထမြောက်စေရေး၊
၄။ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ စာချုပ်များ၊သဘောတူညီချက်များ၊ ကွန်ဗင်းရှင်းများ၊နှစ်ပြည်ထောင်ဆိုင်ရာ သဘောတူညီချက်များ၊ စာချုပ်များကို ချုပ်ဆိုရေးနှင့်အထမြောက်စေရေး၊
၅။ နိုင်ငံကူးလက်မှတ်များနှင့်မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ်များ၊
၆။ ပြည်ဝင်ခွင့်ဗီဇာ၊ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ခွင့်ပြုရေး၊ နေထိုင်ခွင့်ပြုရေး၊ နိုင်ငံမှထွက်ခွာခွင့်ပြုရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်နှင်ဒဏ်ပေးရေး၊
၇။ ပြစ်မှုကျူးလွန်သူအား သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်လွှဲအပ်ပေးရေးနှင့် သက်ဆိုင်ရာနိုင်ငံမှတောင်းဆိုရေး"

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌကိုယ်စား လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍ"ကို ဖတ်ကြားတင်ပြရာတွင်–

ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့်ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍအောက်တွင်ပါရှိရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေလရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ပါကြောင်း၊ ယင်းရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍတွင် ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်းတွင်–

"၁။ ပြည်ထောင်စုအရအသုံးခန့်မှန်းခြေငွေစာရင်း၊
၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊
၃။ ငွေစက္ကူထုတ်လုပ်ရေး၊ဒင်္ဂါးသွန်းလုပ်ရေး၊
၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊
၅။ နိုင်ငံခြားသုံးငွေထိန်းသိမ်းကြီးကြပ်ရေး၊
၆။ အရင်းအနှီးနှင့်ငွေကြေးဈေးကွက်၊
၇။ အာမခံလုပ်ငန်း၊
၈။ ဝင်ငွေခွန်၊
၉။ ကုန်သွယ်လုပ်ငန်းခွန်၊
၁၀။ တံဆိပ်ခေါင်းခွန်၊
၁၁။ အကောက်ခွန်၊
၁၂။ အောင်ဘာလေထီ၊
၁၃။ အခွန်အယူခံခြင်း၊
၁၄။ ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
၁၅။ ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ငှားရမ်းခြင်းနှင့်အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊
၁၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများထုတ်ချေးခြင်း၊
၁၇။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများရင်းနှီးမြှုပ်နှံခြင်း၊
၁၈။ ပြည်တွင်းပြည်ပမှငွေချေးယူခြင်း၊
၁၉။ ပြည်ထောင်စုအတွက်ပစ္စည်းရယူခြင်း၊
၂၀။ ပြည်ပမှငွေကြေးအကူအညီနှင့်အထောက်အပံ့၊
၂၁။ အမျိုးသားစီမံကိန်း၊
၂၂။ စာရင်းစစ်တမ်းကောက်ယူခြင်း၊
၂၃။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း၊
၂၄။ ရင်းနှီးမြှုပ်နှံမှု၊
၂၅။ စာရင်းစစ်ဆေးခြင်းနှင့်

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင်–

၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အရ အသုံးခန့်မှန်းခြေငွေစာရင်း၊
၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊
၃။ မြေယာခွန်၊
၄။ ယစ်မျိုးခွန်(မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများမပါ)၊
၅။ အဆောက်အအုံနှင့်မြေခွန်၊ရေခွန်၊လမ်းမီးခွန်၊ဘီးခွန်စသည့်စည်ပင်သာယာရေးဆိုင်ရာအခွန်အခများ၊
၆။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များ၏ ဝန်ဆောင်မှု လုပ်ငန်းများ၊
၇။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများရောင်းချခြင်း၊ငှားရမ်းခြင်းနှင့်အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊
၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊
၉။ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊
၁၀။ ဒေသန္တရစီမံကိန်းနှင့်
၁၁။ အသေးစားငွေချေးလုပ်ငန်း"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

လုပ်ငန်းများသွက်လက်မှန်ကန်လာမည်

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က "မိမိတို့တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍတွင်ပါဝင်မည့် အခွန်အယူခံခြင်းဆိုင်ရာအပိုင်း၌ အခွန်အယူခံရုံးကို ပြည်ထောင်စုတစ်ခုလုံးနှင့် ပတ်သက်သက်ဆိုင်နေသည့်အတွက် ပြည်ထောင်စုအဆင့်တွင်သာရှိသင့်သည်ဆိုသော်လည်း ပြည်ထောင်စုအဆင့်တွင်သာထားမည်ဆိုလျှင်မကျေနပ်သည့် အခွန်ထမ်းများအတွက် မိမိတို့၏မကျေနပ်ချက်များကို အခွန်အယူခံရုံးသို့ တင်ပြရာ၌ အချိန်ကြန့်ကြာခြင်း၊ ဗဟိုမှအခြေအနေမှန်ကိုသိရှိရန်ခက်ခဲခြင်းစသည့် အခြေအနေများကြောင့် အခွန်အယူခံရုံးကို ပြည်ထောင်စုအဆင့်မှာသာမကဘဲ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်များတွင်လည်း ထားပေးခြင်းအားဖြင့် လုပ်ငန်းများပိုမိုလျင်မြန်သွက်လက်မှန်ကန်လာမည်ဖြစ်ကြောင်းကို အကြံပြုတင်ပြအပ်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရလျှင် အခွန်အယူခံခြင်းကိစ္စကို ပြည်ထောင်စုဥပဒေပြုစာရင်း၌ ထည့်သွင်းထားခြင်းသည် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းပေးရန်အတွက်ဖြစ်ကြောင်း၊ ဥပဒေပြဋ္ဌာန်းသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သို့လည်း အခွန်အယူခံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်များပေးအပ်သွားနိုင်မည်ဖြစ်ကြောင်း၊ လက်ရှိအနေအထားတွင်လည်း မြို့နယ်အခွန်ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုမကျေနပ်လျှင် သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်း အခွန်ဦးစီးဌာနသို့ အယူခံခွင့်ရှိကြောင်း၊ နောင်ဥပဒေပြဋ္ဌာန်းရန် လိုအပ်သည့်အခါ ထိုအကြံပြုချက်ကို ထည့်သွင်းစဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်းကို ပြောကြားအပ်ပါကြောင်း။

ထောက်ခံတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍနှင့် ပတ်သက်ပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် ပြည်ထောင်စုဥပဒေပြုစာရင်းမှာပါဝင်သင့်သည့် အသေးစိတ် အခြေခံရမည့်မူ ၂၅ ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပါဝင်သင့်သည့် အသေးစိတ် အခြေခံရမည့်မူ ၁၁ ချက်တို့ကို တင်ပြထားကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ အချက်များသည် အမှန်တကယ် ဆီလျော်မှန်ကန်ပါသဖြင့် ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်း"။

သို့သော်လည်း ပြည်ထောင်စုဥပဒေပြုစာရင်းပါ ၂၅ ချက်အနက် 'ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အကောက်ခွန်၊ အောက်ဘာလေထီ' စသည့် အခွန်အမျိုးအစားများကို သီးခြားစီခွဲခြားမနေဘဲ'အခွန်ကောက်ဆိုင်ရာကိစ္စရပ်များ'ဟူသော စကားရပ်များဖြင့် အစားထိုးသုံးနှုန်းရန် အကြံပြုအပ်ပါကြောင်း"ဟု အကြံပြုသွားသည်ကို တွေ့ရှိရကြောင်း။

အဓိပ္ပာယ်ပိုမိုရှင်းလင်း

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းရမည်ဆိုလျှင် 'ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်၊ အကောက်ခွန်၊ အောင်ဘာလေထီ' ဆိုသည့် စကားရပ်များသည် သီးခြားစီအဓိပ္ပာယ်ရှိနေကြသည့် အသုံးအနှုန်းများဖြစ်ကြောင်း၊ 'အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ'ဟု သုံးနှုန်းလိုက်လျှင် ထိုစကားရပ်ထဲတွင် 'အောင်ဘာလေထီ'သည် အကျုံးမဝင် မသက်ဆိုင်တော့သောသဘော သက်ရောက်သွားနိုင်ကြောင်း၊ အခွန်ထမ်းပြည်သူများအနေဖြင့် အောင်ဘာလေထီနှင့် အဓိကထမ်းဆောင်ရမည့် အခွန်အမျိုးအစားများကို အလွယ်တကူသိရှိနိုင်စေရန် ခွဲခြားဖော်ပြထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မူလအသုံးအနှုန်းသည် အဓိပ္ပာယ်ပိုမိုရှင်းလင်းပေါ်လွင်မှုရှိမည်ဖြစ်ကြောင်းကို သုံးသပ်ရရှိကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြသင့်

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က "အမျိုးသားညီလာခံလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သော ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍရှိ ပြည်ထောင်စုဥပဒေပြုစာရင်းမှာပါရှိသင့်သည့် ကိစ္စရပ် ၂၅ ခုနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်ပါရှိသင့်သည့် ကိစ္စရပ် ၁၁ ခု တို့ကို ထောက်ခံပါကြောင်း ဆွေးနွေးသွားသော်လည်း 'နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင်အမျိုးသမီးများမီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစား ဝန်ထမ်းများ စားဝတ်နေရေး သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများပြဋ္ဌာန်းမည်'ဟု အခြေခံမူချမှတ်ထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အငြိမ်းစားလစာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အငြိမ်းစားလစာနှင့် စပ်လျဉ်းပြီး ဥပဒေပြုရန် လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် အမှတ်စဉ် ၂၆ အဖြစ် 'အငြိမ်းစားလစာ'ဟု ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသင့်ကြောင်း" အကြံပြုတင်ပြသွားကြောင်း။

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ချမှတ်ပြီးဖြစ်သည့် အခြေခံမူတွင် ယင်းအချက်နှင့်စပ်လျဉ်းပြီး လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းမည်ဖြစ်ကြောင်း ပါရှိပြီးဖြစ်၍ သီးခြားအနေဖြင့် ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြရန်မလိုအပ်ကြောင်းပြန်ကြားအပ်ကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်း တင်ပြသွားကြကြောင်း။

ယင်းအစုအဖွဲ့တွင် ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း၊ ယင်းတို့၏ ဆန္ဒသဘောထားများကို သီးခြားစီ တင်ပြသွားကြသည်ကို တွေ့ရပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ "ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် ဘဏ္ဍာရေးနှင့် စီမံကိန်းကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

လွှဝင်မှုကြီးကြပ်ရေးနှင့်ပြည်နှင်ဒဏ်ပေးရေးဆိုသည့်အချက်များနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်၊ မသင့် သဘာပတိအဖွဲ့ဝင်များနှင့်ညှိနှိုင်းခဲ့

စာမျက်နှာ ၁၁ မှ

"၁။ ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်း၊
၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊
၃။ ငွေစက္ကူထုတ်လုပ်ရေး၊ ဒင်္ဂါးသွန်းလုပ်ရေး၊
၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊
၅။ နိုင်ငံခြားသုံးငွေထိန်းသိမ်းကြီးကြပ်ရေး၊
၆။ အရင်းအနှီးနှင့် ငွေကြေးဈေးကွက်၊
၇။ အာမခံလုပ်ငန်း၊
၈။ ဝင်ငွေခွန်၊
၉။ ကုန်သွယ်လုပ်ငန်းခွန်၊
၁၀။ တံဆိပ်ခေါင်းခွန်၊
၁၁။ အကောက်ခွန်၊
၁၂။ အောင်ဘာလေထီ၊
၁၃။ အခွန်အယူခံခြင်း၊
၁၄။ ပြည်ထောင်စု၏ ဝန်ဆောင်မှုလုပ်ငန်းများ၊
၁၅။ ပြည်ထောင်စုပိုင်ပစ္စည်းများ ရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့် အခြားနည်းဖြင့် ဆောင်ရွက်ခြင်း၊
၁၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများထုတ်ချေးခြင်း၊
၁၇။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေများရင်းနှီးမြှုပ်နှံခြင်း၊
၁၈။ ပြည်တွင်းပြည်ပမှငွေချေးယူခြင်း၊
၁၉။ ပြည်ထောင်စုအတွက်ပစ္စည်းရယူခြင်း၊
၂၀။ ပြည်ပမှ ငွေကြေးအကူအညီနှင့်အထောက်အပံ့၊
၂၁။ အမျိုးသားစီမံကိန်း၊
၂၂။ စာရင်းစစ်တမ်းကောက်ယူခြင်း၊
၂၃။ အမျိုးသားမှတ်တမ်းနှင့်မော်ကွန်း၊
၂၄။ ရင်းနှီးမြှုပ်နှံမှု၊
၂၅။ စာရင်းစစ်ဆေးခြင်း"ဟုလည်းကောင်း။

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြု စာရင်းတွင်ဖော်ပြရမည့် ဘဏ္ဍာရေးနဲ့စီမံကိန်းကဏ္ဍဆိုင်ရာ အကြောင်းကိစ္စရပ်များနဲ့စပ်လျဉ်းပြီး–

"၁။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊
၂။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေ၊
၃။ မြေယာခွန်၊
၄။ ယစ်မျိုးခွန်(မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် ဆေးဝါးများ မပါ)
၅။ အဆောက်အအုံနှင့်မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ၊
၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ဝန်ဆောင်မှုလုပ်ငန်းများ၊
၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင်ပစ္စည်းများရောင်းချခြင်း၊ ငှားရမ်းခြင်းနှင့်အခြားနည်းဖြင့်ဆောင်ရွက်ခြင်း၊
၈။ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ထုတ်ချေးခြင်း၊
၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေများ ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခြင်း၊
၁၀။ ဒေသန္တရစီမံကိန်း၊
၁၁။ အသေးစားငွေချေးလုပ်ငန်း" ဟုလည်းကောင်း

အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

စီးပွားရေးကဏ္ဍ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌရှေ့နေချုပ်ဦးအေးမောင်က "စီးပွားရေးကဏ္ဍ"ကိုဖတ်ကြားတင်ပြရာတွင် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတို့တွင် ဖော်ပြသင့်သည့် စီးပွားရေးကဏ္ဍအောက်၌ ပါရှိရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ချမှတ်သင့်သော အသေးစိတ်အခြေခံရမည့်မူများကို ၂၀၀၄ခုနှစ် မေ ၁၉ရက်တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြခဲ့ကြောင်း၊ ယင်းရှင်းလင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးခဲ့ကြပြီး စီးပွားရေးကဏ္ဍတွင်ပါရှိသင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ပြည်ထောင်စုဥပဒေပြုစာရင်း၌–

"၁။ စီးပွားရေး၊
၂။ ကူးသန်းရောင်းဝယ်ရေး၊
၃။ သမဝါယမ၊
၄။ ကော်ပိုရေးရှင်း၊ဘုတ်အဖွဲ့၊လုပ်ငန်း၊ကုမ္ပဏီ၊အစုစပ်၊
၅။ သွင်းကုန်၊ထုတ်ကုန်နှင့်ယင်းကုန်ပစ္စည်းများ၏အရည်အသွေး သတ်မှတ်ခြင်း၊
၆။ ဟိုတယ်နှင့်တည်းခိုခန်း၊
၇။ ခရီးသွားလာရေးလုပ်ငန်းနှင့်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင်–

၁။ ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊
၂။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊
၃။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ"

ဟု ချမှတ်သင့်ကြောင်းကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များဖြစ်သည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီတို့က အကြံပြုတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့အလိုက် သီးခြားအကြံပြုတင်ပြချက်များကိုလည်း ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

အကြံပြုတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က"စီးပွားရေးကဏ္ဍတွင် ပြည်ထောင်စုဥပဒေပြုစာရင်း၌ ဖော်ပြသင့်သည့် ကိစ္စရပ်များ၏ ပဉ္စမအချက်တွင် 'စစ်ဆေး'ဟူသော စကားရပ်ဖြည့်စွက်ပြီး ထိုပဉ္စမအချက်ကိုသွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးစစ်ဆေးသတ်မှတ်ခြင်းဟု ဖော်ပြသင့်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့သွင်းကုန်ပစ္စည်းများ ဥပမာ–နို့ထွက်ပစ္စည်းများမှာ မည်သည့်သမားရိုးကျကိုင်တွယ်ကြည့်ရှုမှုမျိုးနှင့် မတွေ့နိုင်သည့် အဏုမြူဓာတ်ရောင်ခြည်သင့်စေနိုင်ခြင်းများ ပါရှိတတ်သောကြောင့် သဘာဝအစင်းလိုက် အဆိုပါနို့ထွက်ပစ္စည်းတို့ကို စွန့်ပစ်ရသည့်အဖြစ်များရှိကြောင်း၊ မြန်မာနိုင်ငံတွင် ချာနိုဘယ်(လ်)ပေါက်ကွဲမှုနောက်ပိုင်း ပြည်တွင်းသို့ဝင်လာသမျှသော နို့ထွက်ပစ္စည်းများမှာ အဏုမြူဓာတ်ရောင်ခြည် အန္တရာယ်ရှိ၊ မရှိ မိမိတို့အသိစိတ်ဓာတ်နှင့် အဏုမြူပညာရှင်များက စစ်ဆေးပေးခဲ့ရာ ကံအားလျော်စွာ ယခုထိထိုသို့ညစ်ညမ်းမှုမျိုး မတွေ့ရသေးသော်လည်း ဥပဒေပြဋ္ဌာန်း၍ တာဝန်ပေးသင့်သည့်အတွက် သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး စစ်ဆေး သတ်မှတ်ခြင်းဟု ဖြည့်စွက်သင့်ပါကြောင်း"ကို အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

အဓိပ္ပာယ်ကျစ်လျစ်ပြည့်စုံမှုရှိ

ထိုအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ကုန်ပစ္စည်းတစ်ခု၏ အရည်အသွေးကို သတ်မှတ်နိုင်ရန် ယင်းကုန်ပစ္စည်းကို စစ်ဆေးပြီးမှသာ သတ်မှတ်၍ရမည်ဖြစ်ကြောင်း၊ မစစ်ဆေးဘဲနှင့် သတ်မှတ်၍ မရနိုင်ကြောင်း၊ ထို့ကြောင့် ကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်းဟု သုံးနှုန်းလိုက်ခြင်းသည် စစ်ဆေးခြင်းဆိုသည့် သဘောပါအလိုအလျောက် သက်ဆိုင်အကျုံးဝင်သွားပြီဖြစ်သောကြောင့် ကုန်ပစ္စည်းများ၏ အရည်အသွေးစစ်ဆေးသတ်မှတ်ခြင်းဟု ဖော်ပြရန်မလိုအပ်တော့ဘဲ ကုန်ပစ္စည်းများ အရည်အသွေးသတ်မှတ်ခြင်းဟု သုံးနှုန်းခြင်းက အဓိပ္ပာယ်ကျစ်လျစ်ပြည့်စုံမှုရှိကြောင်း ပြန်ကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါရှိသည့် အချက်ခုနစ်ချက်အနက် အမှတ်စဉ်(၅) 'သွင်းကုန် ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်း'စကားရပ်အစား 'သွင်းကုန်ထုတ်ကုန်ဆိုင်ရာများ'ဟူ၍ ပြောင်းလဲသတ်မှတ်သင့်ကြောင်း အကြံပြုတင်ပြလိုကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မူသုံးချက်ပါရှိကြောင်း၊ ယင်းမူသုံးချက်၌ပါရှိသည့် 'ပြည်ထောင်စုက ပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ'စကားရပ်အစား 'နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ'ဟူ၍ သုံးနှုန်းသင့်ပါကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းရမည်ဆိုလျှင် သွင်းကုန်ထုတ်ကုန်ဆိုင်ရာများဆိုသည့် စကားရပ်ထက် သွင်းကုန်ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်းဆိုသော စကားရပ်က ပိုမိုအဓိပ္ပာယ်ပြည့်စုံမှုရှိသည်ဟု ပြန်ကြားအပ်ပါကြောင်း။

ဥပဒေရေးထုံးနှင့်ညီညွတ်စေမည်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြထားသည့် အသေးစိတ်အခြေခံရမည့် မူသုံးချက်၏ရှေ့တွင် 'ပြည်ထောင်စုကပြဋ္ဌာန်းသည့်ဥပဒေနှင့်အညီ'ဟု သုံးနှုန်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေများရေးဆွဲရာ၌ သုံးနှုန်းလေ့ရှိသည့် ရေးထုံးအတိုင်း တစ်နိုင်ငံလုံး လွှမ်းခြုံပြီး ဥပဒေအရ တစ်ပြေးညီဖြစ်စေလိုသည့် သဘောဖြင့် ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ဥပဒေများကို နိုင်ငံတော်၏ မူဝါဒနှင့် ကိုက်ညီအောင်ရေးဆွဲပြီး ပြဋ္ဌာန်းရပါကြောင်း၊ ဥပဒေနှင့်အညီဟု ဆိုလိုက်လျှင် နိုင်ငံတော်၏ မူဝါဒဖြင့်လည်း ကိုက်ညီပြီးသား ဖြစ်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီဆိုသည့် စကားရပ်ကသာ အဓိပ္ပာယ်ပိုမိုကျယ်ဝန်းပြီး ဥပဒေရေးထုံးနှင့် ညီညွတ်စေမည်ဖြစ်ကြောင်း ပြန်ကြားအပ်ပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့ကပင် "ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပါဝင်သော အမှတ်စဉ်(၆)ဟိုတယ်နှင့် တည်းခိုခန်း၊ အမှတ်စဉ်(၇) ခရီးသွားလာရေးလုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေးစသည့် လုပ်ငန်းများကို တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များအနေဖြင့် အနီးကပ်ကြီးကြပ်လုပ်ပိုင်ခွင့်ရရှိစေရန်အတွက် နိုင်ငံတော်က ဥပဒေပြဋ္ဌာန်းရာတွင် အထက်ဖော်ပြပါအချက်များကို လုပ်ပိုင်ခွင့်ရရှိရေး ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း"ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

ထိုအကြံပြုချက်သည် ပြည်ထောင်စုက ဥပဒေပြဋ္ဌာန်းသည့်အခါ လုပ်ပိုင်ခွင့်များရရှိအောင် ထည့်သွင်းရေးဆွဲရမည့် ကိစ္စဖြစ်ကြောင်းသုံးသပ်ရရှိကြောင်း၊ ထို့ကြောင့် နောင်ဥပဒေပြဋ္ဌာန်းသောအခါ ထည့်သွင်းစဉ်းစားနိုင်ရန် ဤအကြံပြုချက်များကို မှတ်တမ်းတင်ထားမည် ဖြစ်ကြောင်းပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီ၏ သဘောထားအတိုင်းတင်ပြသွားကြောင်း။

ဥပဒေပြုခွင့်အာဏာများခွဲဝေပေးသင့်

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က "ခရီးသွားလာရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း အထက်ပါဟိုတယ်နှင့် တည်းခိုခန်းများကဲ့သို့ ဒေသအလိုက် ကွဲပြားခြားနားမှုများ ရှိနေကြောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် တစ်ပြည်လုံးနှင့် ဆက်စပ်သည့် ခရီးသွားလုပ်ငန်းများရှိသကဲ့သို့ မိမိတို့သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအတွင်းမှာပင် ဆောင်ရွက်နေကြသည့် ခရီးသွားလုပ်ငန်းများလည်းရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများသည် မိမိတို့နယ်မြေအတွင်း၌သာ လုပ်ကိုင်ကြသည့် ခရီးသွားလာရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး မိမိတို့နယ်မြေ လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများနှင့် ကိုက်ညီသော ဥပဒေများ ပြဋ္ဌာန်းနိုင်ရန်အတွက် ခရီးသွားလာရေးကိစ္စရပ်နှင့် ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသို့ မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း၌ လုပ်ကိုင်ကြသည့် ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သော ဥပဒေပြုခွင့် အာဏာများ ခွဲဝေပေးသင့်ကြောင်း" အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရပါကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်ရမည်

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ယခုဥပဒေပြုစာရင်း၌ ဖော်ပြထားချက်များသည် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက်အဓိကရည်ရွယ်သတ်မှတ်ထားခြင်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းက စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်သည့် ဥပဒေတစ်ရပ်အရ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များကို လုပ်ပိုင်ခွင့်များပေးပြီး ဆောင်ရွက်သွားရမြဲဖြစ်ပါကြောင်း၊ 'ခရီးသွားလုပ်ငန်း'နှင့် ပတ်သက်၍ ပြည်ထောင်စုက တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းပေးရမည်ဖြစ်ပြီး ယင်းပြဋ္ဌာန်းလိုက်သော ဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရများအပါအဝင် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းခံရသည့် အဖွဲ့အစည်းများက အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က "တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်များတွင် ပြည်တွင်းစားသုံးရန် ဖူလုံနေပြီဖြစ်သော သီးနှံများကို အိမ်နီးချင်းနိုင်ငံများမှ တင်သွင်းခွင့်မပြုနိုင်ရန် ဥပဒေပြဋ္ဌာန်းရန် လိုအပ်ပါက ပြဋ္ဌာန်းနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အခြေခံရမည့်မူများအဖြစ် ဖြည့်စွက်ပေးသင့်ကြောင်း"အကြံပြုတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရလျှင် ထုတ်ကုန်သွင်းကုန်ဆိုင်ရာကိစ္စရပ်သည် တစ်ပြည်လုံးအတိုင်းအတာဖြင့် တစ်ပြေးညီဆောင်ရွက် သင့်သည့် ကိစ္စဖြစ်သောကြောင့် ပြည်ထောင်စုအဆင့် ဥပဒေပြုအဖွဲ့အစည်းကသာ သက်ဆိုင်ရာဥပဒေများကို ဘက်စုံထောင့်စုံက စဉ်းစားပြီး ပြဋ္ဌာန်းပေးသင့်ကြောင်း၊ ထိုကဲ့သို့ ဥပဒေပြုပြဋ္ဌာန်းခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်တွင်လည်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်များ ပါရှိကြမည်ဖြစ်၍ မိမိတို့၏အကြံပြုချက်များကိုလည်း တင်ပြခွင့်ရမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က "ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စားနိုင်သည့် နေရာများစွာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အချို့တွင် မြောက်မြားစွာရှိနိုင်ကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များ တည်းခိုသွားလာရေး အဆင်ပြေစေရန်အတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေဖြင့် ဟိုတယ်နှင့် တည်းခိုခန်း၊ ခရီးသွားလာမှုလုပ်ငန်းတို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၌ တိုးချဲ့ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စာမျက်နှာ ၇ မှ

ပါတီအသီးသီး၏သဘောထား

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက် ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ယင်းတို့ပါတီအသီးသီး၏ သဘော ထားအတိုင်း တင်ပြသွားကြခြင်းကို တွေ့ရကြောင်း။

ယင်းအစုအဖွဲ့၌ ပါဝင်သည့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များကလည်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းတင်ပြခဲ့သည့်အချက်များကို အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း ယင်းတို့၏ ဆန္ဒသဘောထား များကို သီးခြားစီတင်ပြသွားကြသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက် များနှင့်အညီ ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စု ဥပဒေပြု စာရင်းတွင် ဖော်ပြရမည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့် စပ်လျဉ်းပြီး–

“၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ တော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း။

၂။ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊

၃။ ဓာတုဗေဒနှင့် ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊

၄။ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေ အမြစ်များ၊

၅။ စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊

၆။ နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊

၇။ ရဲတပ်ဖွဲ့”

ဟု အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ပါကြောင်းဖြင့် ရှင်းလင်း ပြောကြားသည်။

(သတင်းစဉ်)

စာမျက်နှာ ၁၂ မှ

ရွှေ့ပြောင်းတောင်ယာစနစ်ခေတ်နောက်ကျ

စီးပွားရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက် အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကိုအခြေခံပြီး အထူးသဖြင့် တောင်ပေါ်ဒေသများ၌ ရှေးယခင်မှစ၍ ယနေ့အထိ ရွှေ့ပြောင်းတောင်ယာစနစ်ကို ကျင့်သုံးလျက်ရှိရာ တိုးတက်မှုမရှိဘဲ ခေတ်နောက်ကျကျန်ရစ်ခဲ့သည်ကို တွေ့မြင် နေကြရကြောင်း။

ထို့ကြောင့် ရွှေ့ပြောင်းတောင်ယာစနစ်ကိုစွန့်လွှတ်ပြီး ခေတ်မီတောင်စောင်း တောင်ယာစနစ် လုပ်နိုင်စေရန်အတွက် နိုင်ငံတော်ကချမှတ်ထားသော ကုန်းမြင့် လယ်ယာမြေစီမံကိန်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လက်ရှိတည်ဆဲဥပဒေများ၊ စည်းကမ်းများကို ယခုထက်ပို၍ တိတိကျကျ လိုက်နာဆောင်ရွက် အကောင် အထည်ပေါ်အောင် ကြပ်မတ်ပေးသင့်ပါကြောင်း အကြံပြုတင်ပြအပ်ကြောင်း၊ ထို့အပြင် ခုတ်ထွင်ပြီးသော ရွှေ့ပြောင်းတောင်ယာကွက်လပ်များကို ကျေးရွာပိုင် ထင်းစိုက်ခင်းနှင့် နိုင်ငံတော်က ချမှတ်ထားသော ဥပဒေများနှင့်အညီ တစ်နိုင် တစ်ပိုင်စီးပွားဖြစ် သစ်တော စိုက်ခင်းများအဖြစ် ဆောင်ရွက်ခွင့်ပြုသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဟု ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရှိရကြောင်း။

ယင်းအကြံပြုချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရမည်ဆိုလျှင် ယနေ့ မြန်မာနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်နေသကဲ့သို့ နောင်တွင်လည်း ဆက်လက်တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ပြည်နယ်၊ တိုင်းများသို့လည်း လုပ်ပိုင်ခွင့်များ တိုးချဲ့ပေးနေပြီဖြစ်ကြောင်း။

အလားတူပင် ခေတ်မီတောင်စောင်း တောင်ယာစနစ်၊ ကုန်းမြင့်လယ်ယာ စနစ်များကို စီးပွားဖြစ်စနစ်တကျ စိုက်ပျိုးလုပ်ကိုင်နိုင်အောင် နိုင်ငံတော်က စီမံကိန်းချမှတ် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

နောင်ဥပဒေများပြဋ္ဌာန်းသည့်အခါ ဤအကြံပြုချက်များကို ထည့်သွင်း စဉ်းစားနိုင်ရန် မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ပြောကြားအပ်ပါကြောင်း။

ထို့ကြောင့် ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့် အညီ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ ပြည်ထောင်စုဥပဒေပြုစာရင်း တွင် ဖော်ပြရမည့် စီးပွားရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

၁။ စီးပွားရေး၊

၂။ ကူးသန်းရောင်းဝယ်ရေး၊

၃။ သမဝါယမ၊

၄။ ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်၊

၅။ သွင်းကုန်၊ ထုတ်ကုန်နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်း၊

၆။ ဟိုတယ်နှင့် တည်းခိုခန်း၊

၇။ ခရီးသွားလာရေးလုပ်ငန်း ဟု လည်းကောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရမည့် စီးပွားရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး–

“၁။ ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊

၂။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ် ရေးကိစ္စများ၊

၃။ ပြည်ထောင်စုကပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ”

ဟုလည်းကောင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်လိုက်ကြောင်းဖြင့် ဖတ်ကြားတင်ပြသွားသည်။

ဆက်လက်ဖော်ပြမည်

၂၀၀၅ခုနှစ် မတ်၃ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်း အဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေ ပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ “စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ”နှင့် “စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ”တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီ အတွင်း ရေးမှူး ဦးသောင်းညွန့်၏ ဖတ်ကြားတင်ပြချက်နှင့် “စက်မှုလက်မှုကဏ္ဍ”နှင့် “ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ”တို့နှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကိုယ်စား လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့၏ ဖတ်ကြားတင်ပြချက် အပြည့်အစုံတို့ကို မတ်၅ရက် ထုတ် သတင်းစာများတွင် ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၄-၃-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅။	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၆။	အရေးပြိုင်ပွဲ
၈း၁၅	၇။	ကြေးမုံရိပ်သွင်တေးနယဉ်
၈း၂၅	၈။	မန်းချောင်းတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀	၇။	နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၄၀	၈။	တေးဂီတအစီအစဉ်
၁၇း၅၀	၉။	**“ဖွားချစ်က တားမြစ်ထားသည်”** ဂွမ်းပုံကြီး၊ ဦးချစ်ပြုံး၊ ဝေဖြိုး၊ နွေးနွေး (ဒါရိုက်တာ–အာယု)
၁၈း၁၀	၁၀။	Discovery
၁၈း၁၅	၁၁။	နှောင်းခေတ်တေးပဒေသာ
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သောညီမ”**(အပိုင်း–၁၂)
၁၉း၂၅	၁၅။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉း၃၅	၁၆။	တစ်သက်တာ ကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့
၁၉း၄၅	၁၇။	အမျိုးသား ညီလာခံဂုဏ်ပြုတေး
၂၀း၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာဗီဒီယိုဇာတ်လမ်း **‘ကောင်းကင်ရဲ့အဖော်’** (အပိုင်း–၂) ဒွေး၊ နန္ဒာလှိုင်၊ မြတ်ကေသီ အောင်၊ လင်းဇာနည်ဇော်၊ မြသဥ္ဇာလီ၊ ရတနာခင် (ဒါရိုက်တာ–မောင်ဗေဒါ)

နှစ်(၆၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြု မန္တလေးတိုင်းနှင့်မိတ္ထီလာခရိုင်၌ သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၃

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသော နှစ်(၆၀)ပြည့် တပ်မတော် နေ့ ဂုဏ်ပြုသွေးလှူဒါန်းခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်း၊ တိုင်း၊ ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊လူမှုရေးအသင်းအဖွဲ့များနှင့် သွေးလှူရှင်များ စုစုပေါင်းအင်အား ၃၀၀ကျော် တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ မန္တလေးတိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးတင်မောင်ဦး က အမှာစကားပြောကြားပြီး ထာဝရ သွေးလှူရှင်၃၃၆ဦးစာရင်းကို မန္တလေး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်မောင်ထွန်းထံ ပေးအပ်သည်။

ကျေးဇူးတင်စကားပြော

ဆက်လက်၍ ထူးခြားစွာသွေးလှူ ဒါန်းခဲ့ကြသည့် (၇၅)ကြိမ်နှင့် အထက် သွေးလှူရှင်၁၁ဦးတို့အား တိုင်းအသင်း အတွင်းရေးမှူးကလက်ဆောင် ပစ္စည်း များပေးအပ်ပြီး တိုင်းကျန်းမာရေး ဦးစီးမှူး ဒေါက်တာ ခင်မောင်ထွန်းက ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် မန္တလေးတိုင်း ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းနာယက တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် နှင့် အဖွဲ့ဝင်များသည် နယ်လှည့်သွေး အလှူခံသည့် မော်တော်ယာဉ်ပေါ်၌ သွေးလှူနေကြသည့် သွေးလှူရှင်များ အား ကြည့်ရှုအားပေးကြသည်။

အလားတူပင်

အလားတူပင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို၍ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို မန္တလေးတိုင်း မိတ္ထီလာခရိုင် ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ ဖေဖော်ဝါရီ၂၈ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံ တပ် နယ်မှ တပ်မတော် အရာရှိကြီးများ၊ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဦးစိုးအောင်၊ ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့် ဆရာဝန်များ၊ ဆရာမများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များ၊ စည်းရုံးရေးမှူးများနှင့် ထာဝရ သွေး လှူရှင် စုစုပေါင်း၂၀၀တို့တက် ရောက်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ရှေးဦးစွာ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ဦးလွင်က အဖွင့်အမှာ စကားပြောကြားပြီး မိတ္ထီလာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးစိုးသန်းက အကြိမ် (၅၀)နှင့် အထက် သွေးလှူရှင် လေးဦးအား ဂုဏ်ပြုဆုများချီးမြှင့် သည်။

ကြည့်ရှုအားပေး

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်မောင်က ကျေးဇူးတင် စကားပြောကြားပြီး သွေးလှူရှင် များအား ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သီရိလင်္ကာနိုင်ငံပါလီမန်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မတ် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ဖိတ်ကြားချက်အရ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. W.J.M. Lokubandara နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် သီရိလင်္ကာဒီမို ကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည် ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိ လင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. D.M.M Ranaraja နှင့် တာဝန်ရှိ ပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြသည်။

ထို့နောက် သီရိလင်္ကာဒီမိုကရက် တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ပါလီမန် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီခွဲတွင် တာမွေမြို့နယ်နတ်ချောင်း ရပ်ကွက်ရှိ မြန်မာ–သီရိလင်္ကာ ရာမ ကျောင်းတိုက်သို့သွားရောက်၍ ပြည် တွင်းပြည်ပသာသနာပြု နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာနိန္ဒအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များသည် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များ နှင့်တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြ သည်။

ဖူးမြော်ကြည်ညို

ရှေးဦးစွာဧည့်သည်တော် သီရိ လင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင် များသည်တောင်ဘက်မုခ်ရှိတန်ဆောင်း ၌ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ကပ်လှူ ပူဇော် ကြပြီး ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌသည် စေတီ တော်ဧည့်သည်တော်မှတ်တမ်း စာအုပ် ၌ လက်မှတ်ရေးထိုးပြီး ရွှေတိဂုံစေတီ တော် တည်ဆောက်ရေးလုပ်ငန်းများ အတွက် အလှူငွေများကို ပေးအပ် လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များသည် ရွှေတိဂုံစေတီတော်မြတ် ကြီးအား လက်ယာရစ် လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ညပိုင်းတွင် ဧည့်သည်တော် သီရိ လင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ပါလီမန်ဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

စီမံခန့်ခွဲအုပ်ချုပ်မှုပညာ ဒီပလိုမာသင်တန်း ရွှေရတုကျင်းပမည်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံတွင် စီမံအုပ်ချုပ်မှုပညာရပ်ကို စတင်မျိုးစေ့ချပျိုးထောင်ပေးခဲ့သော စီမံခန့်ခွဲအုပ်ချုပ်မှုပညာ ဒီပလိုမာ သင်တန်း(DMA)၏သက်တမ်းသည် ယခုနှစ်တွင် နှစ်ငါးဆယ်ပြည့်မြောက်တော့မည်ဖြစ်သည်။

ရွှေရတုနှစ် အထိမ်းအမှတ်အဖြစ် အာစရိယပူဇော်ပွဲ၊စာတမ်းဖတ်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို မတ်လနှင့်ဧပြီလအတွင်း ကျင်းပမည်ဖြစ်ရာ DMA ရွှေရတုပြခန်းဖွင့်လှစ်ခင်းကျင်းပြသပြီး စီမံအုပ်ချုပ်မှုပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ရွှေရတုမဂ္ဂဇင်းနှင့် အမှတ်တရ ပစ္စည်းများကိုပါ ရောင်းချရန် စီစဉ်လျက်ရှိသည်။

စီမံခန့်ခွဲ အုပ်ချုပ်မှုပညာ ဒီပလိုမာသင်တန်း သင်တန်းသား သင်တန်းသူဟောင်းများ အနေဖြင့် DMA ရွှေရတုကျင်းပရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်ခင်မြင့် ဖုန်း-၀၉-၅၀၁-၃၂၈၄၊ ဦးသန်းထိုက် ဖုန်း-၂၂၀၉၆၁၊ ဦးဝင်းမော် ဖုန်း-၂၂၁၁၈၀၊ ဦးဘိုးထူး ဖုန်း-၃၈၅၃၂၀၊ ဦးကျော်ကျော်လွင် ဖုန်း-၆၈၁၇၆၄၊ ဦးမျိုးသာထက် ဖုန်း-၅၅၉၅၈၂၊ ဒေါ်ခင်သက်မော် ဖုန်း-၃၈၀၄၉၉၊ ဒေါ်နန်းစုရွှေစင် ဖုန်း-၂၁၀၄၄၀၊ ဒေါ်မွန်မွန်လှိုင် ဖုန်း-၅၂၇၅၁၅၊ ဒေါ်အေးမြတ်မြတ်သူ ဖုန်း-၅၂၇၁၇၉ တို့နှင့် ဆက်သွယ်၍ နေရပ်လိပ်စာ ပေးပို့ထားကြရန်နှင့် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်နယ်မြေ စီမံခန့်ခွဲမှုပညာဌာန၌ လုပ်ငန်းအစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ရာ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလှူငွေပေးအပ်ပွဲအခမ်းအနား ဖိတ်ကြားခြင်း

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် အလှူရှင်များအား ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၃-၂၀၀၅ (တနင်္လာနေ့)
အချိန် - ၁၅း၀၀ နာရီ
နေရာ - စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး၊ ရွှေတိဂုံဘုရားလမ်း။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ
(ဖုန်း-၀၃၁-၂၅၁၇၈၊ ၀၃၁-၂၅၄၆၉၊ ၀၉၈၀-၂၅၉၁၈)

တာမွေလေးရပ်ကွက် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် မတ် ၃

တာမွေမြို့နယ် တာမွေလေးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ဒဂုံလွင် လမ်း ရထားသံလမ်း ဝဲ/ယာနှင့် မင်းရဲကျော်စွာခုံးကျော်တံတားအောက်၌ ပတ်ဝန်းကျင်ရက်သတ္တပတ် သန့်ရှင်းရေး လှုပ်ရှားမှုအဖြစ် ဖေဖော်ဝါရီ ၂၇ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးမြသိန်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် လူမှုရေး အဖွဲ့အစည်းများ စုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်းသိရသည်။

(၁၁၅)

လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒေါက်တာဦးတင်မောင်ထွေး(ရင်ခေါင်းခွဲစိတ်ကုဆရာဝန်ကြီး)-
ဒေါက်တာဒေါ်ခင်လှဲ့ယုတို့၏သားလတ်

မောင်ညီညီအောင်

B.A (Hons) Accounting and Finance (UK), ACCA(UK)

နှင့်

ရန်ကုန်မြို့နေ သံအမတ်ကြီး ဦးညွန့်တင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မေအောင်မြင့်
တို့၏သမီးထွေး

မဇာခြည်တင်

M.B.A. Finance (University of Ottawa, Canada)

တို့၏ ၂၆-၂-၂၀၀၅ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့်ဇနီး ဒေါ်အေးပြည့်ဝေခင်၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ မင်္ဂလာညှော့်ပရိသတ်များနှင့် နှစ်ဖက်သောမိဘဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းအကူအညီပေးကြသောသူများ အားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ညီညီအောင်-မဇာခြည်တင်။

"မင်း" (10,24 Mar) (10,24 Mar) (11,24 Mar)

ICEC မှ အောက်ပါသင်တန်းများ စတင်ဖွင့်လှစ်နေပါပြီ
(၁) IDCS Diploma (၁)နှစ်သင်တန်း
(၂) IDB Diploma (၁)နှစ်သင်တန်း
(၃) LCCI Diploma (၆)လသင်တန်း
Language
(1) English, (2) Japanese
Enroll Now
NCC
International Career Education Centre
ICEC

ကရဝိက်ဥယျာဉ် တန်ဆောင်ကြီးသဘာဝပန်းဥယျာဉ်
(Recreation Zone)
Special Weekend Programme
10:00 am to 4:00 pm
Music
5:00 am to 7:30 pm
Traditional Dance
7:00 pm to 8:00 pm
5:30 pm to 6:30 pm
Percussion
Junnie
5:00 pm to 8:00 pm

EUROPA
INTERNATIONAL EDUCATION ACADEMY
Summer English Course
Grammar and Composition
Commencing Date 14-2-2005 Enroll Now
Ext 363

ဦးအောင်မင်းဇော်
10 March

Y.E.S. English Language Centre
Basic Spoken English: MAR-5,14,21,26,28
Pre-Intermediate English: MAR-14,21,26
Grammar Foundation Course : MAR - 21
Intermediate English : MAR - 19,28
Vocabulary Enrichment Course : MAR-28
IELTS, TOEFL, 4-Skills (ELP) : MAR 26, 28
No. 190, 2nd Flr, 28th St (Upper Block) Pabedan Tsp 243950

Summer School
Ph: 570178, 570371, 095007942

KMD Computer
Computer Sales & Service Centre
Internet, Email & Network
265,000
UPS

ကသာ ခရိုင် ဗန်းမောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျေး ရွာ များ သောက်သုံးရေ သန့် ရရှိရေး အတွက် လက်နှိပ် တုံကင်များ ဆောင်ရွက်လျက်ရှိရာ စက်တောကျေးရွာလက်နှိပ်တုံကင် ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရဲထွဋ်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် စည်ပင်)

ဘိုကလေးမြို့နယ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ မြို့မ ၁၀ ရပ်ကွက် ပါဝင်ယှဉ်ပြိုင်၊ ဆုရရှိသူများဆုချီးမြှင့်

ဘိုကလေး ဖေဖော်ဝါရီ ၂၅

ဘိုကလေးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ၂၂ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က အဖွင့်အမှာစကားပြောကြား၍ အခမ်းအနားကို ဖွင့်လှစ် ပေးသည်။

ဆုချီးမြှင့်

ပြိုင်ပွဲကို မြို့မ ၁၀ ရပ်ကွက်က ပါဝင်ယှဉ်ပြိုင်ရာ ပထမဆုရရှိသည့် မြို့သစ်ရပ်ကွက်၊ ဒုတိယဆုရရှိသည့် ၉ ရပ်ကွက်နှင့် တတိယဆုရရှိသည့် မြို့မ ၅ ရပ်ကွက်တို့အား မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်အတွင်းရေးမှူး ဦးအောင်လင်းနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးယုတို့က ဆုများ ချီးမြှင့်ပြီး **(ယာပုံ)** နှစ်သိမ့်ဆုရရှိသည့် ရပ်ကွက်များအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကလျာဏမိတ္တစာကြည့်တိုက်ဖွင့်

တောင်ငူ ဖေဖော်ဝါရီ ၂၅

တောင်ငူမြို့နယ်တွင် ကလျာဏမိတ္တကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက်က ပဲခူးတိုင်း တောင်ငူမြို့ (၁၈)ရပ်ကွက် ပြည်တော်သာလမ်း ကလျာဏမိတ္တအဆောက်အအုံတွင်ကျင်းပသည်။

အခမ်းအနားတွင် ကလျာဏမိတ္တစာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်သိန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ကလျာဏမိတ္တ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူရှင်များ မတည်လှူဒါန်းငွေကျပ် ၉၉၆၀၀ နှင့် စာပေဝါသနာရှင်များက သုတ၊ ရသစာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်၁၀၀၀ ကျော် ပေးအပ်လှူဒါန်းကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုတဘဏ် စာကြည့်တိုက်ဖွင့် မဂ္ဂဇင်း၊ဂျာနယ်များလှူဒါန်း

မင်းလှ ဖေဖော်ဝါရီ ၂၅

သာယာဝတီခရိုင် မင်းလှမြို့နယ်-သနာပိုကျေးလက်အုပ်စု ကြက်တောကွင်းကြီးကျေးရွာ သုတဘဏ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၇ ရက် နံနက် ၉နာရီက ကျင်းပသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဝင်းတင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးဇော်ဝေလင်းနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက်နေ ဦးစိုးထွန်းဦး(တရားရုံးချုပ်ရှေ့နေ)ဇနီး ဒေါ်ဖြူဝင်းထွန်း (စီးပွားကူးသန်း) မိသားစုကိုယ်စား ဦးမြင့်ရွှေက မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံ ၅၇၇ အုပ်ကို ပေးအပ် လှူဒါန်းရာ မြို့နယ်ဦးစီးမှူးဦးဝင်းတင်က လက်ခံရယူကြောင်းသိရသည်။ **(က-ပ)**

မြိုင်မြို့နယ်၌ ကျောင်းဆောင်သစ် ပေးအပ်လှူဒါန်းပွဲကျင်းပ

မြိုင် ဖေဖော်ဝါရီ ၁၅

ပခုက္ကူခရိုင် မြိုင်မြို့နယ် ထနောင်းဝင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြိုင်မြို့နယ်ဥက္ကဋ္ဌ ဦးလှသန်း၊ မြိုင်မြို့နယ်အခြေခံပညာ အထက်တန်း ကျောင်းအုပ်ဆရာကြီး ဦးဆန်းနှင့်ကျောင်းဆောင်သစ် အလှူရှင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် တောင်ပုလင်းစန်းရပ်နေ ဦးမြင့်ဌေး-ဒေါ်မြတ်မြတ်သီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာ့ပညာရေးမျှော်မှန်းချက် ကျောက်စာနှင့်ကျောင်းဆောင်သစ်လှူဒါန်းမှု ကမ္ပည်းကျောက်စာတိုင်တို့ကို ကျေးရွာကျောင်းသားကျောင်းသူကလေးများက ရွှေကြိုးဆွဲပြီးဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောင်သစ်အလှူရှင်က လက်ထောက်ပညာရေးမှူး ဦးရဲမြင့်အောင်အား ကျောင်းဆောင်သစ် ဆောက်လုပ်မှုစာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေဗဟုသုတ တိုးပွားစေရေး စာအုပ်များလှူဒါန်း

ပေါင် ဖေဖော်ဝါရီ ၂၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်နေပြည်သူများ စာပေဗဟုသုတ တိုးပွားစေရေးအတွက် စာအုပ်များ လှူဒါန်း ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ဇင်းကျိုက် စံပြကျေးရွာ ဗညားဒလ စာကြည့်တိုက်တွင် ကျင်းပသည်။

လက်ခံရယူ

ရှေးဦးစွာ အလှူရှင် ဦးစောထွန်းဦးက ငွေကျပ် ၄၀၀၈၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၅၁ အုပ်ကိုပေးအပ်လှူဒါန်းရာ ဗညားဒလစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်က လက်ခံရယူကြောင်း သိရသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကျေးလက်တစ်ခွင် ဖွံ့ဖြိုးစည်ပင်

မိုင်းပန်မြို့နယ်တွင် ကျောက်ချောလမ်းနှင့် တံတားဖွင့်

မိုင်းပန် ဖေဖော်ဝါရီ ၁၅

မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟိုဖိုင်လုံ (ကျေးလက်) ကျောက်ချောလမ်းနှင့် နှစ်ကျိပ်ရှစ်ဆူ တံတားဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ရက်က အဆိုပါမုခ်ဦးထိပ်တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းစံဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းနိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါလမ်းနှင့် တံတားမှာ အရှည် ၂၃ပေ၊ အကျယ် ၁၄ပေ နှင့် လမ်းအရှည် ပေ ၈၀၀၊ အကျယ် ၁၀ပေဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

သုံးခွမြို့နယ်တွင်ကျေးလက်နေ ပြည်သူများ သန့်ရှင်းသပ်ရပ်စွာ နေထိုင် နိုင် ရန်အတွက် ကျေးလက် အိမ် ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၈ ရက်က ကံမြင့်ကျေးရွာရှိ ကျေးလက်အိမ်ရာပိုင်ရှင် ဦးကျော်ရင်မိသားစုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဌေးတို့ တွေ့ဆုံစဉ်။ (မြို့နယ် စည်ပင်)

မော်ကျွန်း ပရိယတ္တိသာသနာလင်္ကာရအသင်း သာမဏေကျော် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၀

မော်လမြိုင်ကျွန်းမြို့ ပရိယတ္တိသာသနာလင်္ကာရအသင်း၏ (၁၄) ကြိမ်နှင့် (၁၅) ကြိမ်မြောက် သာမဏေကျော်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ရက်က ပစ္ဆိမာရုံစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဆရာတော် ဘဒ္ဒန္တစိတ္တိတာလင်္ကာရ (နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်) အမှူးပြုသော သံဃာတော်များနှင့် မြို့နယ်အတွင်းရေးမှူးဦးမြင့်ခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအမှုဆောင်များနှင့် စာအောင်ဆု ဆက်ကပ်ကြမည့် စေတနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သာမဏေကျော်ဘွဲ့ရ တတိယဆင့်အောင် ၂၂ပါး၊ ဒုတိယဆင့်အောင် ၈၁ပါးနှင့် ပထမဆင့်အောင် ၂၂၉ပါးတို့အား စာအောင်ဆုများနှင့်သာမဏေကျော်ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ဝဲပုံ)**

အဆိုပါသာမဏေကျော် ဆုနှင်းသဘင်ပွဲတွင် ကျော်ကျော်နိုင်မင်္ဂလာဆိုင်းအဖွဲ့နှင့်အတူ ဆို၊ က၊ရေး၊ တီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ အနုပညာရှင်များက ဓမ္မတေးများဖြင့် ရွတ်ဖတ်သီဆိုပူဇော်ကြသည်။ **(ဝ၉၇)**

သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်မှ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်း ညွှန်ကြားရေးမှူးဦးမြင့်စိန်နှင့် ရန်ကုန်တိုင်းသစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ ဇန်နဝါရီ ၂၉ရက်က တိုက်ကြီးမြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သော ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကြစဉ်။ (က-ပ)

ကတ္တရာထပ်ပိုးလွှာခင်းရန် ကျောက်များစုဆောင်း

ငဖဲ ဖေဖော်ဝါရီ ၂၀

မကွေးတိုင်း ငဖဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းအရှည်ပေ ၁၀၀၀၊ အကျယ်၁၂ ပေ လုပ်ငန်းတွင် လိုအပ်သော ကျောက်များ စုဆောင်းခြင်းကို ဖေဖော်ဝါရီ ၁၀ရက်က အမှုဆောင်အရာရှိ ဦးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရန်နိုင်ညွှန့်တို့ ကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သုံးခွမြို့နယ် ကျောင်းစုပတုပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၏မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၂ရက်က ကျင်းပရာ သူငယ်တန်းတွင် ပထမဆုရ မသဲသဲဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်စီစီအောင်က ဆုချီးမြှင့်စဉ်။ (က-ပ)

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်အထိမ်းအမှတ် တည်ဆောက်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသောင်းစိန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဒေါ်သန္တာသောင်းစိန်က ရှင်းလင်းပြသစဉ်။ (မြို့နယ် စည်ပင်)



ဇီးကုန်းမြို့နယ်၌ စာပေဟောပြောပွဲကျင်းပ

ဇီးကုန်း မတ် ၁

၁၃၆၆ ခုနှစ် စာဆိုတော်နေ့နှင့် ဇီးကုန်းမြို့သား စာရေးဆရာကြီးအမျိုးသား ဦးလှဒင်၏ ရာပြည့်အကြိုစာပေဟောပြောပွဲကို ဖေဖော်ဝါရီ၂၆ရက်က ဇီးကုန်းမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး မင်းသွေးနွယ် (ဇီးကုန်း)က ဖတ်ကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးအောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)တို့က အခမ်းအနား ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ ၂၀၀၄ခုနှစ် နိုင်ငံတော်အဆင့် စာပေပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် စွမ်းဝေ(ဇီးကုန်း)၊ မင်းသွေးနွယ်(ဇီးကုန်း)၊ ဇီးကုန်းအေးမော်၊ မွှေးနံ့သာ(မဟာသိပ္ပံ)၊ သက်သက်သင်း(ပညာရေး)တို့နှင့် မြို့နယ်အဆင့် စာပေပြိုင်ပွဲတွင် ကဗျာ၊ ဆောင်းပါး ဆုရရှိသူ ၁၃ဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဟောပြော

ထို့နောက် စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော လယ်တွင်းသား စောချစ်၊ သန်လျင်မောင်မောင်ဦး၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)နှင့် နီကိုရဲတို့က ဟောပြောကြကြောင်း သိရသည်။ **(က-ပ)**

ချောက်မြို့နယ်တွင် ကျန်းမာရေး အသိပညာပေး ဆွေးနွေး

ချောက် ဖေဖော်ဝါရီ ၁၂

ချောက်မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကျင်းပသော ဦးတည်အုပ်စုများတွင် ရာနှုန်းပြည့် ကွန်ဒုံး အသုံးပြုရေးစီမံချက် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက်နံနက် ၉နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာနေဝင်းက စီမံချက်ပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးမေးမြန်းကြရာ မြို့နယ်ဆရာဝန်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရမ်းဗြဲ-ကျောက်နီမော်လမ်းနှင့် ပုန်းဆိုးပြိန်တံတားပြီးစီး

ရမ်းဗြဲ ဖေဖော်ဝါရီ ၂၈

ရခိုင်ပြည်နယ် ရမ်းဗြဲကျွန်းပေါ်ရှိ ကျေးရွာများဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် ရမ်းဗြဲမြို့မှ ကျောက်နီမော်ကျေးရွာ ဆက်သွယ်သည့် အရှည် မိုင် ၂၀ရှိ ရမ်းဗြဲ-ကျောက်နီမော်လမ်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသာအေး၊ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်ရွှေမောင်တို့ ဦးဆောင်ပြီး ကျေးရွာပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အလားတူဆောင်ရွက်သော ပုန်းဆိုးပြိန်တံတားမှာ အလျားပေ ၁၈၀၊ အကျယ် ၁၂ ပေ၊ အမြင့်ပေ ၂၀ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပံ့ပိုးငွေကျပ် ၂၈၆၇၉၄၀နှင့် ပြည်သူများ ထည့်ဝင်ငွေ ကျပ်၂၆၄၅၀၀၀ စုစုပေါင်း ငွေကျပ် ၅၅၁၂၉၄၀ အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိခင်ကြီး(ဒေါ်စန်းမြင့်) အား ရည်စူး၍ အမှတ် (၁) ၁၀၆လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦး ထွန်း လွင်-ဒေါ်လှသန်းသမီး သန္တာထွန်းလွင်၊ သဥ္ဇာထွန်းလွင်၊ စန္ဒီ ထွန်း လွင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှု အသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကြီးကြပ် ဆောင်ရွက်

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က သိမ်ဇရပ်-ဇီးပြောင်း(၅) ကျေးရွာသွား မြေသားလမ်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၁၇ရက်က အမှုဆောင်အရာရှိ ဦးမျိုးဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က လေယာဉ်ကွင်းလမ်းနှင့် အဝေးပြေးကားလမ်းမကြီးတစ်လျှောက် ပန်းအလှပင်များ မြေချ စိုက်ပျိုးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၇ ရက်က အမှုဆောင် အရာရှိ ဦးကျော်သူရချစ် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးမျှမျှတတရရှိ နိုင်ငံနှင့်လူမျိုးအတွက် အရေးကြုံလာတိုင်း အမျိုးသားများနှင့်မခြား ထူးချွန်စွာစွမ်းဆောင်နိုင် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေးကြိုးပမ်းရာတွင် နိုင်ငံတကာနှင့်လိုက်လျောညီထွေရှိရေးစီမံ အဖွဲ့ချုပ်ကြီး၏ရည်မှန်းချက်များအောင်မြင်ရေး ကျရာတာဝန် အားကြိုးမာန်တက်ဆောင်ရွက်

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်	စီးပွားရေးဦးတည်ချက်(၄)ရပ်	လူမှုရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ အသိပညာရှင်၊

စာမျက်နှာ ၄ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်း ညီလာခံကိုယ်စားလှယ်များ၏အကြံပြုချက်များနှင့်အညီ ချမှတ်ပြီးဖြစ်သောအခြေခံမူများစုစည်းတင်ပြ

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပ

စုံညီအစည်းအဝေးကျင်းပ

အမျိုးသားညီလာခံ စုံညီ အစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဖတ်ကြားတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့်ကတ်ပြားများထုတ်ယူနိုင်

ရန်ကုန် မတ် ၃

၂၀၀၅ ခုနှစ် မတ် ၁၆ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲဝင်ခွင့်ကတ်ပြားများနှင့် ခုံအမှတ်စာရင်းများကို သက်ဆိုင်ရာ စာစစ်ဌာနကြီးကြပ်ရေးမှူးများထံသို့

စာမျက်နှာ ၆ ကော်လံ ၁ ■